သုဘာသိတာ စ ယာဝါစာ ဧတံ မင်္ဂလ မုတ္တမံ၊ ချိုသာစွာပြောဆိုခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၁၅ ရက်၊ တနင်္လာနေ့၊ အတွဲ(၉၁)၊ အမှတ်(၁၆၇)

ပြည်သူ့သားကောင်းများပီပီ ပြည်သူကိုအလုပ်အကျွေးပြု

ပြည်သူတွေ စိတ်အေးချမ်းသာနေ ထိုင် နိုင် ပြီး လွတ်လပ်စွာ ဝမ်းစာစီးပွား ရှာဖွေစား သောက် နိုင်အောင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်ဆောင်ရွက်လျက်ရှိတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေဟာ တစ်နှစ်ထက်တစ်နှစ်မြင့်မားပြီး နိုင်ငံ့စီးပွားတိုးတက်ဖို့လဲ ဆောင်ရွက်နေတယ်။ တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုတန်ဖိုးဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာတာနဲ့အမျှ ပြည်သူတွေ အသက်ရှည်ကျန်းမာဖို့၊ ပညာရည်မြင့်မားဖို့နဲ့ လူနေမှုဘဝမြင့်မားဖို့အတွက် နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်ဆောင်ရွက်လျက်ရှိတယ်။ ဒါ့အပြင် လမ်းတံတား၊ ဆည်တမံတွေ အပါအဝင် ကဏ္ဍပေါင်းစုံက စီးပွားရေးနဲ့ လူမှုရေးအခြေခံ အဆောက်အအုံတွေကို ဒေသတိုင်းမှာ လက်ညှိုးထိုးမလွဲအောင် တည်ဆောက်ပေးနေတာဟာ ပစ္စုပ္ပန်အတွက်သာမကဘဲ နောင်လာမယ့် မျိုးဆက်တွေအတွက်ပါ မျှော်မှန်းပြီး ဆောင်ရွက်နေခြင်းဖြစ်တယ်။ ဒါဟာ ပြည်သူ့သားကောင်းများပီပီ ပြည်သူကို အလုပ်အကျွေးပြုနေခြင်းသာဖြစ်ကြောင်း ပြောကြားလိုတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းမိန့်ခွန်းမှ–

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များ ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားတွင် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းသစ်ဖွင့်လှစ် ဖော်ကာ(F–၂၈)လေယာဉ်ဆင်းတက်နိုင်မည် ဧရာဝတီတိုင်း၏ လမ်းပန်းဆက်သွယ်မှုတိုးတက်လာပြီ

ရန်ကုန် မတ် ၁၄

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဧရာဝတီတိုင်း ပုသိမ်မြို့၌ တည်ဆောက်ပြီးစီးသွားသော ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

တာဝန်ရှိသူများကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် **စာမျက်နှာ ၃ ကော်လံ ၁** ■

တိမ် ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မတ်လ ၁၅ ရက်)

နိုင်ငံတော်ကြီးတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေး ပြည်သူပါဝင်မှုကြောင့် ကဏ္ဍပေါင်းစုံအောင်မြင်

၁၉၉၉ခုနှစ် ဧပြီလတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရေခက်ခဲသော အပူပိုင်းဒေသ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းရှိ ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ၁၀နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် လမ်းညွှန်ခဲ့သည်။

ယင်းလမ်းညွှန်မှုနှင့်အညီ အပူပိုင်းဒေသတိုင်းသုံးတိုင်းနှင့်အခြားပြည်နယ်၊ တိုင်းများ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်၏အင်အား၊ အလှူရှင်များ၏အင်အား၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၏အင်အားဖြင့် ရေတွင်းပေါင်း၁၁၆၉တွင် တူးဖော်၍ ကျေးလက်ဒေသ ရေရရှိရေးကို အားဖြည့်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မတ်လ ၁၂ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အလှူငွေများလက်ခံပြီး အမှာစကား ပြောကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင်-

"သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ခြင်းလုပ်ငန်းသည် သက်ရှိထင်ရှားရှိသည့် ပြည်သူများအား တိုက်ရိုက် အကျိုးပြုသည့် လုပ်ငန်းဖြစ်ကြောင်း၊ ဤကဲ့သို့ လှူဒါန်းခြင်းသည် အလှူဒါနတစ်ခုကို ပြုလုပ်ခြင်းဖြစ်သည်သာမက ပြည်သူ့အကျိုးပြု လုပ်ငန်းတွင်လည်း တစ်တပ်တစ်အား ပါဝင်ခြင်းလည်းဖြစ်ကြောင်း၊ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် လှူဒါန်းကြသည့် အလှူရှင်များ သက်ရှည်ကျန်းမာ တိုးတက်ကြီးပွားကြပါစေ၊ ဆက်လက်၍လည်း ယခုကဲ့သို့ပင် လှူဒါန်းမှုဒါန ပြုနိုင်ကြပါစေဟု ဆုမွန်ကောင်း တောင်းပါကြောင်း"

ပြောကြားသွားသည်။

သတ္တမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် အလှူငွေ စုစုပေါင်း၁၃၁၂၅၉၃၀၅ကျပ်၊ အမေရိကန်ဒေါ်လာ ၄၄၆၈ ဒေါ်လာ၊ ယူရို ၂၇၀နှင့် အက်ဖ်အီးစီ ၁၀၀၀၀ရရှိကြောင်း သိရသည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၀၀-၂၀၀၁ဘဏ္ဍာရေးနှစ်မှ ယခုအချိန်အထိ ရေခက်ခဲသောအပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ ကျေးရွာ ၈၀၄၂ရွာအနက် ၄၇၈၃ရွာတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့များကလည်း ရေပေးရေးလုပ်ငန်းများတွင် ကူညီမှုများ ပေးလျက်ရှိရာ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီက ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် စက်ရေတွင်းပေါင်း၂၅၀ကို ငါးနှစ်စီမံကိန်းဖြင့် တူးဖော်ဆောင်ရွက်မည်ဖြစ်ပြီး ယခုအချိန်အထိ စက်ရေတွင်းပေါင်း၉၁တွင်း တူးဖော်ပြီးစီးပြီဖြစ်ကြောင်း၊ အပူပိုင်းဒေသ သောက်သုံးရေရရှိရေး ပင်မစီမံကိန်းကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိရာ မြို့နယ်၁၁မြို့နယ်တွင် တွင်းနက်အစမ်းတွင်း ၂၂တွင်း တူးဖော်ဆောင်ရွက်ပြီး ဖြစ်ကြောင်းသိရသည်။

အာရှ-ဂျပန်ပေါင်းကူးအဖွဲ့က ပုဂံ-ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း လေးလက်မနှင့် ခြောက်လက်မ တွင်းနက် ၄၈ တွင်းကို ၂၀၀၁-၂၀၀၂ ခုနှစ်မှ စတင်တူးဖော်ပေးခဲ့သည်။

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ကလည်း အပူပိုင်းဒေသ ကျေးလက်ရေရရှိရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ၂၀၀၁-၂၀၀၂ ခုနှစ်မှ ယခုအချိန်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းအတွင်း ရေရရှိရေးလုပ်ငန်းပေါင်း ၃၉၀ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီတို့ကလည်း ကျေးလက်ရေပေးရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဘက်စုံထောင့်စုံက ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ အသင်းအဖွဲ့များ၊ ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ကဏ္ဍပေါင်းစုံတွင် အောင်မြင်ဖြစ်ထွန်းမှုများ ပိုမိုတိုးတက်ရရှိလျက်ရှိသည့်အလျောက် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် ရေရရှိရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း ရေးသားလိုက်ရပါသည်။ ။

မတ်၈ ရက်က လမ်းမတော် မြို့နယ် အမှတ်(၂) ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးတွင် စာအုပ်လှူဒါန်းပွဲ ကျင်းပရာ အလှူရှင် မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်က သုတ/ရသစာအုပ်မျိုးစုံကိုပေးအပ်လှူဒါန်းရာ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဦးစိန်တိုးက လက်ခံယူစဉ်။ (ခရိုင် ပြန်/ဆက်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘွဲ့တံဆိပ်တော်ရဆရာတော်အား ဂုဏ်ပြုပူဇော်

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကင်မွန်းခြံ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တဇာနေယျအရှင်မြတ်အား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၈ရက်က ခရမ်းမြို့နယ် ကင်မွန်းခြံကျေးရွာဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် မော်ကွန်းထိန်း ဆရာတော် ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)၊ ခရမ်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တကုမာရ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော် မူကြပြီး တပည့်ဒါယကာဒါယိကာမများ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ခရမ်းမြို့နယ် သံဃ နာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တ ကုမာရက ငါးပါးသီလ ချီးမြှင့်ကာ ရေကျော် မြောက်ကျောင်းဆရာတော် ဘဒ္ဒန္တပညာ ဇောတက သြဝါဒကထာ မြွက်ကြားသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ)က အနုမောဒနာ ရေစက်ချ တရားချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

(က-ပ)

ဖေဖော်ဝါရီ ၂၇ရက်က အလုံမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ အလုံမြို့နယ်ခန်းမ၌ ကျန်းမာရေး အသိပညာပေးဟောပြောပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းက အဖွင့်အမှာစကား ပြောကြားစဉ်။ (က-ပ)



ဆွေးနွေးမှာကြား

မတ်၁၂ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန အစည်းအဝေးခန်းမတွင်ကျင်းပသည့် ရန်ကုန်မြို့တော်သန့်ရှင်းသာယာရေးနှင့်ပတ်သက်သည့် လုပ်ငန်း ညှိနှိုင်း အစည်းအဝေးတွင် ဌာနမှူးဦးလင်းထွန်းမြင့်က မြို့တော်ရန်ကုန်သန့်ရှင်းသပ်ရပ်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားစဉ်။ (၂၁၀)

ပုသိမ်လေဆိပ် ပြေးလမ်းဖွင့်ပွဲ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များ ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာစဉ်။

(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

များကို မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယခုဖွင့်လှစ်သည့် ပုသိမ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းသည် ကွန်ကရစ်လေယာဉ်ပြေးလမ်းအလျားပေ ၈၅၀၀၊ အကျယ်ပေ ၁၀၀ ရှိသည့် လေယာဉ်ပြေးလမ်းအမျိုးအစားဖြစ်ပြီး ဖော်ကာ(F-၂၈) ဂျက်လေယာဉ်ကြီးများ လွယ်လင့်တကူ ဆင်းတက်နိုင်သော လေယာဉ်ကွင်းကြီး ဖြစ်ကြောင်း၊ ဆက်လက်ပြီး အလျားပေ၁၂၀၀၀အထိ တိုးချဲ့သွားနိုင်ရန်လည်း စီမံဆောင်ရွက်ထားပြီး ဖြစ်ကြောင်း။

ဖွံ့ဖြိုးမှုရလဒ်ကောင်းများ

ယခုကဲ့သို့ ပုသိမ်လေယာဉ်ကွင်းကြီးဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကမ္ဘာလှည့်ခရီးသည်များ၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များနှင့် တိုင်းရင်းသားပြည်တွင်းခရီးသည်များသည် ဧရာဝတီတိုင်းအတွင်း ဖွံ့ဖြိုးစည်ပင်နေသော ငွေဆောင်၊ ချောင်းသာ အစရှိသည့် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းများကို မြန်ဆန်လွယ်ကူသက်သာစွာဖြင့် သွားလာအပန်းဖြေနိုင်ကြတော့မည် ဖြစ်ကြောင်း၊ ထို့အပြင် ဧရာဝတီတိုင်းသားများအတွက် ကူးသန်းရောင်းဝယ်ရေးတိုးတက်ဖြစ်ထွန်းမှု၊လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးမှု အကျိုးရလဒ်ကောင်းများ ပိုမိုတိုးတက်ရရှိစေမည် ဖြစ်ကြောင်း။

ယနေ့ကာလသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင်၊ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး ဖြစ်နိုင်သမျှ တစ်ပြိုင်တည်း ဖွံ့ဖြိုးလာအောင် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ လက်တွဲပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်နေသည့် ကာလ ဖြစ်ကြောင်း။

စာမျက်နှာ ၄ ကော်လံ ၁ သို့

ပြည်သူတစ်ရပ်လုံးလူနေမှုဘဝမြင့်မားရေး တစ်မျိုးသားလုံးနှင့်ဆိုင်သည့်ရည်မှန်းချက်များ မဖြစ်မနေ ဆက်လက်ဝိုင်းဝန်းတည်ဆောက် အကောင်အထည်ဖော်သွားကြရမည်

■ ***ပုသိမ်လေဆိပ်မှ***

ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် နံနက် ၇ နာရီခွဲတွင် မြန်မာ့လေကြောင်းအထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း ပုသိမ်လေဆိပ်သို့ ရောက်ရှိကြရာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် စစ်ဘက်နယ်ဘက်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ပုသိမ်လေဆိပ် မင်္ဂလာမဏ္ဍပ်၌ကျင်းပသည့် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ဒေသခံများတက်ရောက်

ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းဖွင့်ပွဲအခမ်းအနားသို့ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ အေရိုးဗစ်အဖွဲ့၊ ကျောင်းသားကျောင်းသူများနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုသိမ်လေဆိပ်လေယာဉ်ပြေးလမ်းဖွင့်ပွဲအခမ်းအနားအစီအစဉ်

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဧရာဝတီတိုင်း ပုသိမ်မြို့၌ တည်ဆောက်ပြီးစီးသွားသော ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားတွင် လေယာဉ်ပြေးလမ်းကို တွေ့ရစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၃ မှ

အရှိန်အဟုန်ဖြင့်ဖော်ဆောင်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူအားလုံး၏ စုစည်းညီညွတ်မှုစွမ်းပကားကို ပိုမိုတိုးတက်ခိုင်မာသည်ထက် ခိုင်မာလာအောင် ကြိုးပမ်းတည်ဆောက်ရင်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ထိုကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ သားငါး၊ သတ္တု၊ စွမ်းအင်စသည့်ကဏ္ဍအလိုက် ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ အလတ်စားနှင့် အသေးစား စက်မှုကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများစသည့် စီးပွားရေးအခြေခံမြှင့်ခြင်းတို့ကို တစ်ပြိုင်တည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ရေးသည် နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်လိုအပ်သည်မှာ အမှန်ဖြစ်ကြောင်း၊ ငွေလုံးငွေရင်း ပမာဏကြီးမားစွာဖြင့် ကွန်ရက်သဖွယ် ယှက်သွယ်တည်ဆောက်ခဲ့သည့် လမ်းများ၊ တံတားများသည် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံထိတွေ့ပြီး ရင်းနှီးမှု၊ နားလည်မှု၊ ဖွံ့ဖြိုးမှုတို့ကို အထောက်အကူဖြစ်စေသည့် လူမှုစီးပွားရေး အဆောက်အအုံများလည်းဖြစ်ကြောင်း။

မြစ်များ၊ ချောင်းများ များပြားလှသည့် ရောဝတီတိုင်းတွင် ရေကြောင်းခရီးကိုသာ အဓိကအားထား သွားလာဆက်သွယ်နေခဲ့ရသည့် အစဉ်အလာ

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့က ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ကုန်းလမ်းထွက်ပေါက်

ဗိုလ်မြတ်ထွန်းတံတား၊ ဒါးကတံတား၊ ကျောင်းကုန်းတံတား၊ ပသွယ်တံတား စသည့် တံတားများကြောင့် ရန်ကုန်-ပုသိမ်လမ်းကြောင်း ပေါ်ထွက်လာခဲ့ပြီဖြစ်သကဲ့သို့ ဒေးဒရဲတံတားကြီး၏ အကျိုးပြုမှုကြောင့် ဖျာပုံ-ဒေးဒရဲ-ကွမ်းခြံကုန်း-ဒလလမ်းကြောင်းသည်လည်း ရောဝတီတိုင်း၏ ကုန်းလမ်းထွက်ပေါက် ဖြစ်လာခဲ့ပြီဖြစ်ကြောင်း။

ထို့အတူ ပန်းတနော်တံတား၊ ရွှေလောင်းတံတား၊ ဝါးခယ်မတံတားစသည့်တံတားများတည်ဆောက်ပြီးဖြစ်သည့်အတွက် ပန်းတနော်-ရွှေလောင်း-ဝါးခယ်မ-ကျုံမငေးလမ်း ခိုင်ခိုင်မာမာ ထွက်ပေါ်လာသကဲ့သို့ ဂုံညင်းတန်းတံတား၊ မအူပင်တံတား၊ ဥယျာဉ်ချောင်းတံတားနှင့်အခြားတံတားများကြောင့် ကျိုက်လတ်-ဖျာပုံ-ဘိုကလေးလမ်းကြောင်း၊ ကျိုက်လတ်-မအူပင်လမ်းကြောင်း၊ မအူပင်-ဆားမလောက်လမ်းကြောင်းစသည့် ကုန်းလမ်းကြောင်းအသစ်များဖြစ်ပေါ်လာခဲ့ပြီး ဒေသတစ်ခုနှင့်တစ်ခုကြားလွယ်ကူလျင်မြန်စွာ သွားလာနေကြပြီဖြစ်ကြောင်း။

တိုးတက်မြင့်မားသွားပြီ ဖြစ်ကြောင်း။

ရောဝတီတိုင်းသည် ယခုကဲ့သို့ လမ်းပန်းဆက်သွယ်မှုတိုးတက်မြင့်မားလာပြီး သောင်းကျန်းမှုလုံးဝကင်းစင်သည့် တည်ငြိမ်အေးချမ်းသောနယ်မြေ အဖြစ်ခိုင်မြဲစွာဖြစ်ပေါ်လာခြင်းနှင့် အမှျ ရေခံမြေခံ အခြေခံကောင်းများ ရှိသည့် နယ်မြေဖြစ်သည်နှင့်အညီ အချိန်တိုကာလအတွင်း၌သိသိသာသာ ဖွံ့ဖြိုးတိုးတက်မှု အရှိန်ရနေသည့် တိုင်းကြီးဖြစ်ကြောင်း၊ ရှေ့သို့လည်း ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများလည်းရှိနေကြောင်း၊ နိုင်ငံအတွက်စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုအရရော၊ သားငါးမွေးမြူထုတ်လုပ်မှုအရပါ အားကိုးအားထားပြုရသည့် တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း။

ဖိဖိစီးစီးလုပ်ကိုင်

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“ရောဝတီတိုင်းအတွင်းမှာ စိုက်ပျိုးရေးကဏ္ဍနဲ့မွေးမြူရေးကဏ္ဍ မြင့်မားတိုးတက်အောင် ဆောင်ကြဉ်းပေးနိုင်တဲ့ အခြေခံအလားအလာကောင်းတွေ ရှိပြီးဖြစ်တဲ့အတွက် ဒီကဏ္ဍတွေ တစ်ဆင့်မြင့်မားတိုးတက်အောင် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက် ဖို့လိုအပ်တယ်”**

နှုတ်ခွန်းဆက်စကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

(သတင်းစဉ်)

တွန်းအားပေး

ထိုလမ်းညွှန်ချက်များကို ရောဝတီတိုင်းအနေဖြင့် အလေးအနက်လိုက်နာအကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းအတွင်း၌ လိုအပ်သည့် လမ်းပန်းဆက်သွယ်မှု အခြေခံများကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပြီးဖြစ်သကဲ့သို့ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများ၊ ရေထိန်းတံခါးများနှင့် ရေနုတ်မြောင်းများကိုလည်း အတိုင်းအတာတစ်ရပ်အထိ တည် ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကွန်ချောင်းဆည်၊ မမြဆည်၊ ကညင်ဆည်စသည့် တည်ဆောက်နေဆဲ

စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုနှင့်အတူ မွေးမြူရေးကဏ္ဍတွင်လည်း ငါးကန် ဧက ၆၀၀၀၀ ကျော်၊ ပုစွန်ကန် ဧက ၃၅၀၀၀ ကျော် တိုးတက်ဖြစ်ပေါ်နေပြီး ဘဲ၊ ဝက်၊ ဒေသန္တရကြက်အများဆုံး မွေးမြူနေသောနယ်မြေအဖြစ်လည်း ရပ်တည်နေပြီဖြစ်သည့်အတွက် ရောဝတီတိုင်းသည် နိုင်ငံတော်အတွက် အားထားရသော စိုက်ပျိုးရေး၊ မွေးမြူရေး အထူးဇုန်သဖွယ် တည်ရှိနေပြီဖြစ်ကြောင်း။

ထိုသို့ တိုးတက်နေသည့် အခြေအနေကောင်းများအပေါ်တွင် ရောဝတီတိုင်းသားများက ထပ်ဆင့်အားထည့်လိုက်မည်ဆိုလျှင် ရောဝတီတိုင်း၏ တိုးတက်မှုသည် အရှိန်အဟုန်ဖြင့် တစ်ဆင့်မြင့်တက်သွားမည်ဖြစ်ကြောင်း။

များ ဖွံ့ဖြိုးတိုးတက်ရေး၊ ထို့အပြင် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုစသည့် လူမှုရေး အခြေခံများ တိုးတက်မြင့်မားရေး လုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

လမ်းများအဆင့်မြှင့်

ထို့အပြင် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝပြည့်စုံမြင့်မားရေးတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကလိုအပ်ချက်ဖြစ်သည့်အတွက် ကားလမ်းများ၊ ရထားလမ်းများ၊ ရေကြောင်းလမ်း၊ လေကြောင်းလိုင်းများကိုလည်း တိုးချဲ့ခြင်း၊ အဆင့်ဟောင်းကို ယနေ့ တော်လှန်ပြီး ကုန်းလမ်းခရီးစဉ်များဖြင့် အစားထိုးလာနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးစီးဦးဆောင်တာဝန်ခံဆောင်ရွက်ပေးမှု၊ ရောဝတီတိုင်းသားများ၏ တက်ညီလက်ညီ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ရောဝတီတိုင်းအတွင်း၌ မြို့နယ်ချင်းဆက်သည့် မော်တော်ကားလမ်းများနှင့် တံတားများသည် ကွန်ရက်သဖွယ် ပေါ်ထွက်လာသည့်အတွက် နယ်မြေဒေသ အားလုံးနီးပါးကို မော်တော်ကားဖြင့် ဥဒဟိုသွားလာနေကြပြီဖြစ်ကြောင်း။

ရာနှုန်းပြည့်နီးပါး

တည်ဆောက်နေသည့် ဖျာပုံမြစ်ကူးတံတား၊ ငဝန်မြစ်ကူးတံတား၊ ပုသိမ်တံတားများ ပြီးစီးသွားမည်ဆိုလျှင် ရောဝတီတိုင်း၏မော်တော်ကားလမ်း ကွန်ရက်စနစ်သည် ရာနှုန်းပြည့်နီးပါး အကောင်အထည်ပေါ်သွားပြီဟုဆိုရမည်ဖြစ်ကြောင်း။

တစ်ဖက်မှ မော်တော်ကားလမ်းစနစ်ဖော်ထုတ်နေသကဲ့သို့ ယခုလို ပုသိမ်လေယာဉ်ကွင်းကြီးကို ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် လေကြောင်းပို့ဆောင်ရေးအပိုင်းနှင့်ပါ သွားလာနိုင်ပြီး ရောဝတီတိုင်း၏ လမ်းပန်းဆက်သွယ်မှုအခြေအနေသည် ပိုမို

“နိုင်ငံတော်မှာရှိတဲ့ စပါးစိုက်ဧရိယာရဲ့လေးပုံတစ်ပုံကျော်ကို စိုက်ပျိုးနေတဲ့အပြင် မြေဆီမြေလွှာကောင်းတဲ့အတွက်ရောဝတီတိုင်းရဲ့ စပါးတစ်ဧကအထွက်နှုန်းကို သိသိသာသာ တိုးတက်အောင်ကြိုးစားလိုက်မယ်ဆိုရင် နိုင်ငံတော်ကရည်မှန်းချက်ပေးထားတဲ့ စပါးတင်းသန်း ၁၂၀၀ ထွက်ရှိရေးကို ထိရောက်စွာ အထောက်အကူပြုမှာဖြစ်ပါတယ်။

“မွေးမြူရေးကဏ္ဍမှာလဲ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းကိုအားပေး မြှင့်တင်ဆောင်ရွက်ပြီး ခေတ်မီပုစွန်ကန်များကို တိုးချဲ့နိုင်အောင် စီမံကြရမှာဖြစ်တယ်”ဟု လမ်းညွှန်ထားပြီးဖြစ်ကြောင်း။

ရေလှောင်တမံစီမံကိန်းများကိုလည်း အမြန်ပြီးစီးအောင် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသည့် အခြေခံကောင်းများအပေါ်မှီပြီး ရောဝတီတိုင်းသည် မိုးစပါးရော၊ နွေစပါးပါ အများဆုံးတိုးချဲ့စိုက်ပျိုးသည့် တိုင်းနယ်မြေဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ စပါးကျီအဖြစ် ခိုင်မာစွာ ဆက်လက်ရပ်တည်လျက်ရှိကြောင်း၊ ထို့အပြင် ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများနှင့် ဂုန်လျှော်ကိုလည်း တစ်နှစ်ထက်တစ်နှစ် အားရဖွယ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရသည် ရောဝတီတိုင်းသာမက ပြည်ထောင်စုကြီးတစ်ရပ်လုံး၊ ပြည်နယ်၊တိုင်းအားလုံးကွက်ပြည့် ဖွံ့ဖြိုးလာအောင် ကျယ်ကျယ်ပြန့်ပြန့် ကြည့်ရှုလေ့လာသုံးသပ်ပြီး ဖွံ့ဖြိုးရေးဒေသ ၂၄ ခု စီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့ကို ချမှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ယခင်က တိုးတက်မှုနှေးကွေးနေသည့် ဒေသများရော၊ ဖွံ့ဖြိုးမှုနောက်ကျ ကျန်ရစ်ခဲ့သည့် ဒေသများပါ ယခုအခါ၌ အရှိန်အဟုန်ရှိရှိ တိုးတက်လာနေပြီဖြစ်ကြောင်း။ *စာမျက်နှာ ၁၀ ကော်လံ ၁*

အီရတ်ဆိုင်ရာကန်အထက်လွှတ်တော် ထောက်လှမ်းရေး အစီရင်ခံစာ ဝေဖန်ပြစ်တင်ရှုတ်ချမှုများဖြင့် ပြည့်နေမည်ဟု အမတ်တစ်ဦးပြောဆို

ဝါရှင်တန် မတ် ၁၃

အမေရိကန် အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီ၏ အီရတ်ဆိုင်ရာစစ်ကြိုခေတ် အစီရင် ခံစာသည် ပြစ်တင်ရှုတ်ချဝေဖန်မှုများဖြင့် ပြည့်လျှံနေမည်ဖြစ်ကြောင်း ရီပတ်ဘလစ်ကင် အထက်လွှတ်တော် အမတ်တစ်ဦးက သောကြာနေ့၌ ပြောကြားလိုက်သည်။

ပြစ်တင်ပြောဆိုမှုများသည် ဒီမိုကရက်တစ်နှင့် ရီပတ်ဘလစ်ကင် အစိုးရအဖွဲ့အစည်းများ၊ ထောက်လှမ်းရေး အေဂျင်စီများနှင့် ကွန်ဂရက်တို့အပေါ် ပျံ့နှံ့နေကြောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှ အပြစ်မလွတ်ကြောင်း ၎င်းကပြောဆိုသည်။ အဆိုပါ အမေရိကန် အထက်လွှတ်တော် ထောက်လှမ်းရေး အစီရင်ခံစာကို ယခုနှစ် နွေဦးရာသီ၌ ထုတ်ပြန်ရန်ရှိရာ ဧပြီလတွင်ဖြစ်နိုင်ချေရှိသည်ဟု သိရသည်။

ဝေဖန်ရှုတ်ချ

အမေရိကန် အထက်လွှတ်တော် ထောက်လှမ်းရေးကော်မတီ အစီရင်ခံစာနှင့် ပတ်သက်၍ အရီဇိုးနား အထက်လွှတ်တော်အမတ် ဂျွန်ကီလ်ကအထက်ပါအတိုင်း ဝေဖန်ပြောကြားလိုက်ခြင်း ဖြစ်သည်။ ၎င်းသည် ရှေ့သီတင်းပတ်က မက်ဆက် ချူးဆက်ပြည်နယ် ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် အက်ဒ်ဝပ်ကနေဒီ၏ ရီပက်ဘလစ်ကင် အစိုးရအဖွဲ့အပေါ် ဝေဖန်ပြစ်တင်ခဲ့ခြင်းကို တုံ့ပြန်ပြီး နိုင်ငံခြားဆက်ဆံရေးကောင်စီ၌ မိန့်ခွန်းပြောကြားစဉ် ယခုကဲ့သို့ တန်ပြန်ဝေဖန်ခဲ့ခြင်း ဖြစ်သည်။

ကနေဒီက ဘုရှ်အစိုးရသည် အီရတ်ကို စစ်ပွဲဆင်နွှဲရန်အတွက် ကွန်ဂရက်နှင့်လူထုကို ထောက်လှမ်းရေးသတင်းမှားများ ဖော်ပြ အသိပေးခဲ့သည်ဟု ပြောဆိုခဲ့ကြောင်း၊ ၎င်း၏ ပြောဆိုချက်များသည် အချက်အလက် မပြည့်စုံကြောင်း ကီလ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ပေါက်ကွဲမီးလောင်

မတ် ၁၃ ရက်က တီကရစ်မြို့တွင် တိုက်ခိုက်ခံရမှုကြောင့် ရေနံပိုက်လိုင်းတစ်ခု ပေါက်ကွဲ မီးလောင်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တို့ထံ၌အလုပ်လုပ်သော အီရတ်ညီအစ်မနှစ်ဦး အလုပ်မှအိမ်သို့အပြန်လမ်း၌ အသတ်ခံရ

ဘဂ္ဂဒက် မတ် ၁၂

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် အမေရိကန် ကန်ထရိုက်လုပ်ငန်းရှင်များထံ၌ ပင်မင်းအလုပ်လုပ်ကိုင်ကြသော အီရတ်ညီအစ်မနှစ်ဦးသည် အလုပ်မှအိမ်သို့ပြန်လာစဉ် လမ်း၌အသတ်ခံရကြောင်း ဆွေမျိုးသားချင်းများနှင့် ဗြိတိသျှအရာရှိတစ်ဦးက ကြာသပတေးနေ့၌ ပြောကြားသည်။

အသတ်ခံရ

သေဆုံးသော အီရတ်ညီအစ်မနှစ်ဦးသည် ဗုဒ္ဓဟူးနေ့၌ အသတ်ခံရခြင်းဖြစ်ပြီး ကဲလော့ဂ်ဘရောင်းအင်ရကုမ္ပဏီ၌ ပင်မင်းအလုပ်လုပ်နေကြသူများဖြစ်သည်။ အဆိုပါကုမ္ပဏီသည် အီရတ်ရှိအမေရိကန်ဦးဆောင်တပ်များအတွက် ထောက်ပံ့ရေးဝန်ဆောင်မှုပေးသော ကုမ္ပဏီဖြစ်သည်။

ခြိမ်းခြောက်နေ

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များနှင့် ပူးပေါင်းအလုပ်လုပ်ကိုင်နေသော အီရတ်လူမျိုးများသည် မကြာခဏ ပစ်မှတ်ထားတိုက်ခိုက်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုရပ်တန့်ရန် ခြိမ်းခြောက်ခြင်းခံနေကြရသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

စစ်ပွဲစချိန်မှ အီရတ်၌သေဆုံးသူ ကန်တပ်ဖွဲ့ဝင်ဦးရေ ၅၅၈ဦးရှိပြီ

ဝါရှင်တန် မတ် ၁၃

အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များသည် အီရတ်နိုင်ငံကို ၂၀၀၃ခုနှစ် မတ် ၂၀ရက်၌ စတင်ပြီး မတရားကျူးကျော်သည့် စစ်ပွဲကို ဆင်နွှဲခဲ့ကြသည်။ ထိုအချိန်မှစပြီး အီရတ်၌သေဆုံးခဲ့ကြသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၀၀၄ခု နှစ် မတ် ၁၂ရက် သောကြာနေ့ ရောက်ချိန်တွင် ၅၅၈ ဦး ရှိသွားပြီဖြစ်သည်။

ယင်းသေဆုံး အရေအတွက်အနက် တိုက်ပွဲဖြစ်ပွားမှုကြောင့် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၇၉ဦးဖြစ်၍ တိုက်ပွဲကြောင့်မဟုတ်ဘဲသေဆုံးရသော ဦးရေမှာ ၁၇၉ဦး ဖြစ်သည်။

မေ ၁ ရက်၌ စစ်ပွဲကြီးပြီးဆုံး ကြောင်းကို အမေရိကန်သမ္မတဘုရှ် က ကြေညာခဲ့သည်။ ထိုမေ ၁ ရက်မှစပြီး အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၄၂၀ဖြစ်သည်။ ယင်းအနက် ၂၆၄ဦးသည် တိုက်ပွဲ၌ သေဆုံးခြင်းဖြစ်၍ ၁၅၆ဦးမှာ တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်။

စစ်ပွဲစတင်ခဲ့သော ၂၀၀၃ခုနှစ် မတ် ၂၀ရက်မှစပြီး အီရတ်၌ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသည့်အမေရိကန် တပ်ဖွဲ့ဝင် ဦးရေမှာ ၂၇၈၈ဦးဖြစ်ပြီး တိုက်ပွဲ၌ မဟုတ်ဘဲ ဒဏ်ရာရသူ ဦးရေမှာ ၄၂၄ဦးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်ပြည်ထောင်စု၌ လူမွဲစာရင်းဝင်သည့်နှုန်း ထုတ်ပြန်ကြေညာ အိမ်ထောင်စု ၇၃ စုတိုင်းတွင် တစ်စုသည် လူမွဲစာရင်းဝင်ဖြစ်

ဝါရှင်တန် မတ် ၁၃

အမေရိကန်ပြည်ထောင်စုတွင် အတိုးနှုန်းများကို သိသိသာသာ နှိမ့်ချခဲ့လင့်ကစား လွန်ခဲ့သည့်နှစ်၌ အိမ်ထောင်စု ၇၃ စုတိုင်းတွင် တစ်စုသည် ဒေဝါလီ (လူမွဲ)စာရင်းအသွင်းခံခဲ့ရသည်ဟု အမေရိကန်လူမွဲစာရင်းဆိုင်ရာဌာနက သောကြာနေ့၌ ပြောကြားလိုက်သည်။

ထိုသို့လူမွဲစာရင်းဝင်သည့် အိမ်ထောင်စုများတွင် အူတားပြည်နယ်သည် အများဆုံးဖြစ်ပြီး ထိုပြည်နယ်၌ အိမ်ထောင်စု ၄၇စုတိုင်းတွင် တစ်စုသည် လူမွဲစာရင်းဝင်ဖြစ်ကြောင်း၊ တင်နက်ဆီ၊ ဂျော်ဂျီယာနှင့် နီဗားဒါပြည်နယ်တို့သည် လူမွဲစာရင်းတွင် အူတားပြည်နယ်နှင့်ကပ်လျက်လိုက်ကြောင်း အဆိုပါဌာနက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု၏ လူမွဲစာရင်းဝင် ပြည်နယ်များအနက် အလာစကာပြည်နယ်မှာ လွန်ခဲ့သည့်နှစ်က အနိမ့်ဆုံးဖြစ်ခဲ့ပြီး အိမ်ထောင်စု ၁၈၉ စုတိုင်းတွင် တစ်စုသည် လူမွဲစာရင်းဝင်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် အတိုးနှုန်းများကို နှိမ့်ချလင့်ကစား လစဉ်အိမ်ထောင်စုတာဝန်ကိုဖြေရှင်းရာ၌ အခက်အခဲနှင့်ကြုံရသော အမေရိကန်စားသုံးသူ ဦးရေသည် ကြီးထွားလာနေသည်ဟု အမေရိကန်လူမွဲစာရင်းဆိုင်ရာဌာန (အေဘီအိုင်)အမှုဆောင်ညွှန်ကြားရေးမှူး ဆမ်မြူရယ်ဂါဒါနိုက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်တို့ ဖမ်းထားသည့် ဩစတြေးလျတစ်ဦးကို ဗြိတိသျှ အကျဉ်းသားများနည်းတူ တန်းတူဆက်ဆံသင့်ဟုဆို

မတ် ၁၄

အမေရိကန်တို့ ဖမ်းဆီးထိန်းသိမ်းထားသော ဩစတြေးလျ လူမျိုးတစ်ဦးကို အမေရိကန်တို့ ထိန်းသိမ်းထားသည့် ဗြိတိသျှအကျဉ်းသားများနည်းတူတန်းတူဆက်ဆံသင့်ကြောင်း၊ ၎င်းဩစတြေးလျလူမျိုး ဒေးဗစ်ဟစ်၏ ရှေ့နေက ပြောကြားလိုက်သည်။

အကြမ်းဖက်မှုများ နှိမ်နင်းသည့် စစ်ဆင်ရေးအတွင်း အပြစ်ကျူးလွန်သူများကို အမေရိကန်တို့က ဖမ်းဆီးခုံရုံးဖွဲ့ကာ စစ်ဆေးရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာ ရှေ့နေကပြောကြားသည်။

တောင်းဆို

အမေရိကန်တို့ ဖမ်းဆီးထားသော ဗြိတိသျှ အကျဉ်းသားများကို တရားသဖြင့် ရုံးတင်စစ်ဆေးရေး သို့မဟုတ် ၎င်းတို့နေရပ်နိုင်ငံသို့ ပြန်ပို့ပေးရေးကို ဗြိတိသျှအစိုးရက တောင်းဆိုလျက်ရှိသည်။

အမေရိကန်တို့သည် အီရတ်စစ်ပွဲတွင်လည်း အီရတ်စစ်သုံ့ပန်းများကို ဆက်ဆံမှုနှင့်ပတ်သက်၍ နိုင်ငံတကာမှ ဝေဖန်ပြစ်တင်မှုများကိုလည်းခံနေရသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ၏ အီရတ်စစ်သုံ့ပန်းများအပေါ် ကြမ်းတမ်းစွာဆက်ဆံမှုများကြောင့် သေဆုံးရမှုများရှိခဲ့သည်။

လွှဲပြောင်းပေးသင့်

ဟစ်၏ ရှေ့နေဖြစ်သူကလည်း ဟစ်ကို ဩစတြေးလျအစိုးရထံ လွှဲပြောင်းပေးသင့်ကြောင်း ပြောကြားလျက်ရှိသည်။

ဖမ်းဆီး

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်တို့ တိုက်ခိုက်ခဲ့သောစစ်ပွဲအတွင်း ဟစ်ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

(စီအင်န်အင်န်)

မတ် ၁၃ ရက်က ကာရာဒါမြို့တွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ဆိုင်တစ်ဆိုင်၏ အပျက်အစီးများကို အီရတ်တစ်ဦး ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

15-3 (5).p65 1 3/24/05, 9:17 PM

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

ကျူးကျော်စစ်ပွဲကြောင့် အီရတ်တို့၏အဖိုးမဖြတ်နိုင်သော ရှေးဟောင်းပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရ

၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်မှစတင်၍ အီရတ်နိုင်ငံကို အမေရိကန်နှင့်အပေါင်းပါတပ်များက ကျူးကျော်တိုက်ခိုက်ခဲ့ရာ နိုင်ငံတစ်ဝန်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ကျူးကျော်စစ်ပွဲကြောင့် အီရတ်တပ်မတော်လည်း ပြိုကွဲခဲ့ရာ နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်မည့် တပ်မတော်တစ်ရပ်မရှိတော့သဖြင့် အီရတ်နိုင်ငံတွင် တည်ငြိမ်မှုပျက်ပြားပြီး လုံခြုံရေးကင်းမဲ့ကာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရာတွင် အီရတ်အမျိုးသားယဉ်ကျေးမှုပြတိုက်၏ အဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများလည်း ပါဝင်ခဲ့သည်။



ပျက်စီးနေသော ရုပ်တု

ဖေဖော်ဝါရီ ၁၈ရက်က ဘဂ္ဂဒက် အမျိုးသားပြတိုက်အတွင်း ပျက်စီးသွားခဲ့ရသော ရှေးဟောင်းရုပ်တုတစ်ခုကို တွေ့ရစဉ်။

(အမေရိကန်တို့ ကျူးကျော်စစ်ကြောင့် အီရတ်နိုင်ငံတစ်ဝန်း လုံခြုံမှု၊ တည်ငြိမ်မှုများကင်းမဲ့ပြီး ဘဂ္ဂဒက်ပြတိုက်မှ ရှေးဟောင်းပစ္စည်း အမြောက်အမြားလည်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။)

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက် အမျိုးသားပြတိုက်မှ ပျောက် ဆုံး ခဲ့ သော ရှေးဟောင်း ရုပ် တု များ ဂျော်ဒန်အကောက်ခွန် ဌာနက သိမ်းဆည်းပြီးနောက် မတ် ၂ ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်အမျိုးသားပြတိုက်ရှိ စစ်ပွဲကြောင့်ပျက်စီးခဲ့ရ သော ရှေးနှစ်ပေါင်း ၅၀၀၀ ခန့်က ရုပ်တုတစ်ခုကို မတ် ၂ ရက်က တွေ့ရစဉ်။ (အဆိုပါ ဘဂ္ဂဒက်အမျိုးသား ပြတိုက်မှ ရှေးဟောင်းရုပ်တုပေါင်းများစွာ စစ်ပွဲကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည်။)

(ဓာတ်ပုံ–အင်တာနက်)

ကန်နှင့်အပေါင်းပါတို့၏ကျူးကျော်စစ်ပွဲကြောင့် ရှေးဟောင်းပစ္စည်းများ ပျက်စီးဆုံးရှုံးမှု

၂၀၀၃ ခုနှစ် မတ် ၂၀ ရက်တွင် အမေရိကန်တို့ အီရတ်ကိုကျူးကျော်ပြီးနောက်ပိုင်း အီရတ်ပြတိုက်မှ ရှေးဟောင်းပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ကျွမ်းကျင်သူများသည် ယခုအထိ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို အကဲဖြတ်နိုင်စွမ်း မရှိဘဲဖြစ်သည်။ ပျက်စီးဆုံးရှုံးခဲ့သော ရှေးဟောင်းပစ္စည်းများအနက် အဖိုးတန်ပစ္စည်းအချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

အကြောင်းအရာ	ရှေးဟောင်းပစ္စည်းများ ပျက်စီးဆုံးရှုံးမှု
ဘဂ္ဂဒက်ပြတိုက်မှအခိုးခံရသည့်ပစ္စည်းတန်ဖိုး	ဒေါ်လာသန်း ၇၀၀၀ ဖိုးခန့်
လုယက်ဖျက်ဆီးခံရသည့် ပစ္စည်းအမျိုးအမည်ပေါင်း	၁၇၀၀၀၀ ခန့်
လုယက်ခံရသည့်ပစ္စည်း အမျိုးအမည်များ	ပန်းချီကားများ၊ ရုပ်တုများ၊ ပန်းအိုးများ၊ တံဆိပ်တုံးများ၊ ရွှံ့အိုးများ၊ စာပေများ၊ ဓာတ်ပုံများ
ဘဂ္ဂဒက်ပြတိုက်သို့ ပြန်ပို့သည့် ပစ္စည်းအရေအတွက်	၈၀၀ ကျော်
ရှေးဟောင်းပစ္စည်းများ၏ အစောဆုံးသက်တမ်း	လွန်ခဲ့သောနှစ် ၁၀၀၀၀ခန့်

ဖေဖော်ဝါရီ ၂၄ ရက်က အီရတ်၏ အကြီးမားဆုံး ဘဂ္ဂဒက် ရှေးဟောင်း အမျိုးသားပြတိုက်အတွင်း ကျူးကျော် စစ်ပွဲကြောင့် ပျက်စီးသွား သော ရှေးဟောင်း ပစ္စည်းများကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်အမျိုးသားပြတိုက်မှ ရှေးဟောင်းပစ္စည်းများ ပြန်လည်သိမ်းဆည်းရခဲ့မှုများ

ရက်စွဲ	နေရာ	အမျိုးအစား	အရေအတွက်
၂၂–၄–၂၀၀၃	ဂျော်ဒန်နယ်စပ်	ပန်းချီကား	၄၂ ချပ်
၂၈–၄–၂၀၀၃	ကူဝိတ်နယ်စပ်	ပစ္စည်းမျိုးစုံ	၁၀၀၀ ခန့်
၁၀–၇–၂၀၀၃	ဂျော်ဒန်	ပစ္စည်းမျိုးစုံ	၂၀၀၀ ခန့်
၂၉–၂–၂၀၀၄	ဘဂ္ဂဒက်	ဓာတ်ပုံများ	၁၀၀၀ ကျော်

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ခဲ့သည့် ဆည်တမံများ (၁-၄-၂၀၀၀) မှ (၃၁-၁၂-၂၀၀၀)အထိ

စဉ်	ဆည်တမံများ	မြို့နယ်	အကျိုးပြုဧရိယာဧက
၁။	ရဟိုင်းကွင်းရေလှောင်တမံ	ဂွမြို့နယ်	၆၂၅
၂။	ကွမ်းခြံကုန်းရေထိန်းတံခါး	ကွမ်းခြံကုန်းမြို့နယ်	၂၁၄၀၀
၃။	သဲတော ရေလှောင်တမံ	လက်ပံတန်းမြို့နယ်	၁၂၀၀၀
၄။	သစ်တက်ကုန်းရေလွှဲဆည်	မြစ်သားမြို့နယ်	၅၀၀၀
၅။	ကြက်မောက်လယ်တီရေထိန်းတမံ	မြိုင်မြို့နယ်	၁၂၀၀
၆။	ပုန်းမကြည်ရေလှောင်တမံ	မလှိုင်မြို့နယ်	၅၀၀
၇။	မြို့သာရေလှောင်တမံ	ငါန်းဇွန်မြို့နယ်	၁၅၀၀
၈။	နန်ကသူရေလှောင်တမံ	အင်္ဂပူမြို့နယ်	၁၄၀၀၀
၉။	မိုးမခ ရေထိန်းတံခါး	တွံတေးမြို့နယ်	၄၀၀၀၀

ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းတည်ဆောက်ခဲ့သည့် မန္တလေးတိုင်း မလှိုင်မြို့နယ်တွင် တည်ရှိသော ပုန်းမကြည်ရေလှောင်တမံ။

ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းတည်ဆောက်ခဲ့သည့် မန္တလေးတိုင်း မြစ်သားမြို့နယ်ရှိ သစ်တက်ကုန်း ရေလွှဲဆည်ကို တွေ့ရစဉ်။

ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ခဲ့သည့် ဆည်တမံများ (၁-၄-၂၀၀၀) မှ (၃၁-၁၂-၂၀၀၀)အထိ

စဉ်	ပြည်နယ်/တိုင်း	ဆည်တမံများ
၁။	ရခိုင်ပြည်နယ် ဂွမြို့နယ်	ရဟိုင်းကွင်းရေလှောင်တမံ
၂။	ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်	ကွမ်းခြံကုန်းရေထိန်းတံခါး
၃။	ပဲခူးတိုင်း လက်ပံတန်းမြို့နယ်	သဲတော ရေလှောင်တမံ
၄။	မန္တလေးတိုင်း မြစ်သားမြို့နယ်	သစ်တက်ကုန်းရေလွှဲဆည်
၅။	မကွေးတိုင်း မြိုင်မြို့နယ်	ကြက်မောက်လယ်တီရေထိန်းတမံ
၆။	မန္တလေးတိုင်း မလှိုင်မြို့နယ်	ပုန်းမကြည်ရေလှောင်တမံ
၇။	မန္တလေးတိုင်း ငါန်းဇွန်မြို့နယ်	မြို့သာရေလှောင်တမံ
၈။	ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်	နန်ကသူရေလှောင်တမံ
၉။	ရန်ကုန်တိုင်း တွံတေးမြို့နယ်	မိုးမခ ရေထိန်းတံခါး



နိုင်ငံတော်တစ်ဝန်း ဆည်တမံ ၁၅၀ ကျော် တည်ဆောက်ပေးခဲ့သည့်အနက် တပ်မတော်သားများကလည်း တည်ဆောက်ရေးလုပ်ငန်းများတွင် ဤသို့တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းတည်ဆောက်ခဲ့သည့် ပဲခူးတိုင်း လက်ပံတန်းမြို့နယ်ရှိ သဲတောရေလှောင်တမံကို တွေ့ရစဉ်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်ကို တာဝန်ယူဦးဆောင်လာခဲ့သော ဖဆပလအစိုးရသည် ၁၉၅၈ခုနှစ် မေလတွင် နှစ်ခြမ်း ကွဲခဲ့သည်။ စင်စစ်ဖဆပလသည် မူလဇာတိရုပ်ဖြစ်သော အမျိုးသား ညီညွတ်ရေးတပ်ပေါင်းစုကြီးအဖြစ်မှ ရွေ့လျောပျက်ပြယ်စပြုလာခဲ့သည်မှာ ၁၉၄၆ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ် ဝန်းကျင်ကပင်ဖြစ်သည်။ ယင်းသို့ရွေ့လျောပျက်ပြယ်လာခြင်းမှာဝါဒရေးရာ ကွဲပြားမှုပေါ်တွင် အခြေခံခဲ့သည်ဟု ဆိုနိုင်သည်။ ကွန်မြူနစ်ပါတီ (ဗကပ)အား ဖဆပလအဖွဲ့မှ နုတ်ပယ်ခဲ့ခြင်း၊ ဖဆပလအဖွဲ့၏ အခြေခံ အင်အားဖြစ်သော ဆိုရှယ်လစ်ပါတီမှ ပါတီဝင်အချို့ ခွဲထွက်ပြီး စင်ပြိုင်နိုင်ငံရေးပါတီကို ဖွဲ့စည်းခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။ ယင်းတို့ကို ဆိုရှယ်နီဟူ၍လည်းကောင်း၊ မြေပေါ်ကွန်မြူနစ်များဟူ၍ လည်းကောင်း ဖဆပလအဖွဲ့က ခေါ်ဝေါ်ခဲ့သည်။

ယင်းမှတစ်ဆင့် ဖဆပလအဖွဲ့သည် နိုင်ငံတော်အာဏာကို ဆယ်နှစ်ဆယ်မိုးနည်းအမျိုးမျိုးဖြင့် ရွေးကောက်ပွဲများတွင် အနိုင်ရယူပြီး အစိုးရဖွဲ့စည်းခဲ့သည်။ ပါလီမန်ဒီမိုကရေစီဆိုသည်မှာ အမည်ပညတ် သဘောမျှသာဖြစ်လာပြီး လက်တွေ့တွင် အတိုက်အခံနိုင်ငံရေး ပါတီများအား ဖမ်းဆီးနှိပ်စက်ညှဉ်းပန်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ လူသတ်မှုများကျူးလွန်ခြင်းတို့ဖြင့် ဒီမိုကရေစီ မမည်သော ဓားမိုးကရေစီကျင့်သုံးခဲ့သည်ဟု အတိုက်အခံ နိုင်ငံရေးပါတီများက ဝေဖန်စွပ်စွဲခဲ့သည်။ ထို့ကြောင့်ပင် ဖဆပလအားပြည်သူတို့၏ထောက်ခံမှု ကျဆင်းလာခဲ့သည်။ ရွေးကောက်ပွဲများတွင် အာဏာရ ဖဆပလအဖွဲ့ အနိုင်ရရှိရေးအတွက် ခါးပိုက်ဆောင်လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ပြူစောထီးတပ်ဖွဲ့နှင့် ကာကွယ်ရေးတပ်ဖွဲ့များ ဖွဲ့စည်းပြီး ပြည်သူတို့ကို ခြိမ်းခြောက်အနိုင်ကျင့်ကာ ဖဆပလမဲပုံးထဲသို့ မဲထည့်ခိုင်းခဲ့သည်။ ထိုကဲ့သို့ပင် လက်နက်ကိုင် သောင်းကျန်းသူ ဗကပကလည်း အတိုက်အခံ ဆိုရှယ်နီအဖွဲ့နှင့် လက်ဝဲနိုင်ငံရေးပါတီများ၏ မဲပုံးထဲသို့ မဲထည့်ရန် ပြည်သူတို့ကို ခြိမ်းခြောက်ခဲ့ကြသည်။ **ဤသို့လျှင် ဖဆပလအစိုးရအဖွဲ့သည် စနစ်တကျဖွဲ့စည်းထားသော တပ်မတော်ကို လျစ်လျူရှုကာ လက်နက်ကိုင်အဖွဲ့စည်းမဲ့ကမ်းမဲ့ ဖွဲ့စည်းခဲ့ခြင်း၊ သောင်းကျန်းသူများကလည်း တစ်ဗိုလ်တစ်မင်းပြုကာ ရွေးကောက်ပွဲများအတွင်း ဝင်ရောက်စွက်ဖက်ခြင်းများ ရှိလာခဲ့ရာ မကြာမီ မြန်မာ့လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးရတော့မည့်ကိန်း ဆိုက်လာခဲ့သည်။ ဤသည်မှာ တည်ငြိမ်အေးချမ်းမှုမရှိသော နိုင်ငံရေးအခြေအနေတွင် ဒီမိုကရေစီ ဖြစ်တည်ရှင်သန်မှု မရှိနိုင်သည်သာမက လွတ်လပ်ရေးကိုပါ ထိပါးဆုံးရှုံးစေနိုင်သည် ဟူသော သမိုင်း၏ယုတ္တိဗေဒဖြစ်သည်။**

ဖဆပလအားပြည်သူလူထု ထောက်ခံမှု ကျဆင်းလာသည့်အကြောင်းခံချက်တစ်ရပ်မှာ ဖဆပလအတွင်းရှိ အခွင့်ရေးသမားများ၊ အကျင့်ပျက်များကြောင့်ဖြစ်သည်။ ဖဆပလကို သန့်ရှင်းရေးလုပ်ရမည်ဟု ဖဆပလ ဥက္ကဋ္ဌက ထုတ်ဖော်ကြေညာပြီး အရေးယူခဲ့ရာတွင် သူ့အုပ်စု၊ ကိုယ့်အုပ်စု အပြန်အလှန် အရေးယူမှုများဖြင့် ဖဆပလပြိုကွဲရန် ကံကြမ္မာဖန်တီး လာခဲ့သည်။ ဤသို့အားဖြင့် ၁၉၅၈ ခုနှစ် မေလတွင် သန့်ရှင်းဖဆပလ နှင့် တည်မြဲဖဆပလဟူ၍ နှစ်ခြမ်းကွဲခဲ့သည်။

နိုင်ငံတော်ကို ဦးဆောင်တာဝန်ယူနေသော အာဏာရပါတီ ဖြစ်ပြီး အစဉ်အလာအရလည်း အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုအဖွဲ့အစည်းကြီးဖြစ်ခဲ့သော ဖဆပလအဖွဲ့ကြီး ပြိုကွဲလာခြင်း ကြောင့် နိုင်ငံနှင့်အဝန်း တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားလာစေခဲ့သည်။ အုပ်စုအချင်းချင်း ပဋိပက္ခကြီးမားလာသည်နှင့်အမျှ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားလာစေခဲ့သည်။ ၁၉၅၈ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ အစိုးရအာဏာရရှိရေးအတွက် သန့်ရှင်းဖဆပလနှင့် တည်မြဲဖဆပလတို့အားပြိုင်ခဲ့ကြရာ သန့်ရှင်းဖဆပလက ရှစ်မဲအသာဖြင့် အစိုးရအာဏာကို ရရှိပြီး အစိုးရဖွဲ့စည်းခဲ့သည်။

သို့ရာတွင် သန့်ရှင်းဖဆပလသည် အားအင်ချည့်နဲ့နေသည့်အပြင် အစိုးရအဖွဲ့အတွင်း အကွဲအပြဲများလည်း ရှိနေဆဲဖြစ်သဖြင့် နိုင်ငံတော်ကိုဆက်လက် ဦးဆောင်ရန် အခက်အခဲများရှိလာခဲ့သည်။ ဆက်လက်၍ နိုင်ငံရေးအကျပ်အတည်းများကို ရင်ဆိုင်လာခဲ့ရသဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား အိမ်စောင့် အစိုးရဖွဲ့စည်းပြီး နိုင်ငံတော်ကို ဦးဆောင်ရန် ပြည်သူလွှတ်တော်မှတစ်ဆင့် သန့်ရှင်းဖဆပလခေါင်းဆောင် ဝန်ကြီးချုပ်ဖြစ်သူက အဆိုတင်သွင်း၍ ပြည်သူ့လွှတ်တော်က ထောက်ခံအတည်ပြုခဲ့ရသည်။ အိမ်စောင့် တပ်မတော်အစိုးရသည် ပထမဦးစွာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ဆောင်ရွက်သည်။ ပြည်သူလူထု စားဝတ်နေရေး၊ သက်သာချောင်ချိရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ရန်ကုန်မြို့တော်ရှိ ကျူးကျော်ရပ်ကွက်များကို ဖျက်သိမ်းပြီး တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် သာကေတမြို့သစ်များကို ဖော်ထုတ်နေရာချပေးခဲ့သည်။ ပြူစောထီးနှင့် ကာကွယ်ရေး လက်နက်ကိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန အချို့မှ လက်နက်ကိုင်လုံခြုံရေးအဖွဲ့များကို ဖျက်သိမ်းပြီး ရဲနှင့်စစ်ရဲတပ်များသို့ စနစ်တကျ ပြောင်းရွှေ့ဖွဲ့စည်းပေးခဲ့သည်။

အလားတူပင် အိမ်စောင့် တပ်မတော်အစိုးရသည် စော်ဘွားများအား ပဒေသရာဇ် အခွင့်ထူးခံ အာဏာများကို စွန့်လွှတ်ရန်စည်းရုံး ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ တရုတ်-မြန်မာနယ်နိမိတ်ကို နှစ်နိုင်ငံအစိုးရသဘောတူညီချက်ဖြင့် အတည်ပြုသတ်မှတ်နိုင်ခဲ့သည်။

ဤသို့လျှင် အိမ်စောင့်အစိုးရသည် နိုင်ငံတော်၏ယိုယွင်းပျက်ပြားနေသော နိုင်ငံရေး၊ စီးပွားရေးနှင့် မြို့ပြအုပ်ချုပ်ရေးလုပ်ငန်းများကို စနစ်တကျ ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့ပြီးနောက် နောက်ဆုံးကျန်ရှိနေသော လွတ်လပ်၍ တရားမျှတသော ပြည်သူ့လွှတ်တော်နှင့်လူမျိုးစု လွှတ်တော်ရွေးကောက်ပွဲများကို ၁၉၆၀ပြည့်နှစ် ဖေဖော်ဝါရီ ၆ ရက်နေ့နှင့် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တို့တွင် ကျင်းပပေးခဲ့ပြီး အနိုင်ရရှိသော သန့်ရှင်း ဖဆပလ (ပထစ)အဖွဲ့အား ဧပြီလ ၄ ရက်နေ့တွင် နိုင်ငံတော် အာဏာကို လွှဲပြောင်းပေးအပ်ခဲ့သည်။ ဤသည်မှာ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး အခြေအနေများ ယိုယွင်းပျက်ပြားနေသော နိုင်ငံတော်အား တပ်မတော်က ဒုတိယအကြိမ် ပြန်လည်ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ခြင်းနှင့် အတူ နိုင်ငံတော်က ချမှတ်ထားသော ပါလီမန် ဒီမိုကရေစီလမ်းကြောင်းကို တည့်မတ်လာစေရန် ကြိုးပမ်းပြုပြင်ခဲ့ခြင်းလည်းဖြစ်သည်။

ဤတွင် အိမ်စောင့်တပ်မတော် အစိုးရသည် တစ်ဖက်က နိုင်ငံတော်ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို စွမ်းအားရှိသမျှ ဆောင်ရွက်ပေးခဲ့သည့်နည်းတူ တစ်ဖက်ကလည်း နိုင်ငံတည်ငြိမ် အေးချမ်းရေးအတွက် လက်နက်ကိုင်သောင်းကျန်းသူများအား နှိမ်နင်းခဲ့ရသည်။ အိမ်စောင့်အစိုးရက နိုင်ငံတော်ကို တာဝန်ယူ ဦးဆောင်သော ကာလတွင် လက်နက်ကိုင်သောင်းကျန်းသူ အင်အားသည် ၉၀၀၀ ခန့်ရှိပြီး ယင်းတို့ကို အားပေးထောက်ခံသူများနှင့်အဖွဲ့အစည်းများ အပါအဝင် အင်အားစုစုပေါင်းမှာ ၁၅၀၀၀ခန့် ရှိခဲ့နေသည်။ ယင်းသောင်း ကျန်းသူများအား နယ်မြေအလိုက် တပ်မတော်က စစ်ဆင်ရေးများဖြင့် ချေမှုန်းတိုက်ခိုက်ခဲ့ရာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေဖြစ်သော မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ရမည်းသင်းခရိုင်ရှိ အလံဖြူကွန်မြူနစ် (ဗကပ) များနှင့် အလံနီကွန်မြူနစ်များအား တိုက်ပွဲ(၅၁)ကြိမ်ဖြင့် လည်းကောင်း၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုခရိုင်များအတွင်းရှိ အလံဖြူကွန်မြူနစ် ပါတီအဖွဲ့ကြီး ဗကပနှင့် အလံနီ ကွန်မြူနစ်ပါတီတို့အား တိုက်ပွဲပေါင်း အကြိမ်(၈၀) ဖြင့်လည်းကောင်း ဗကပတို့အားတိုက်ခိုက်ချေမှုန်း ခဲ့သည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကယားပြည်နယ်၊ မော်ချီး ဒေသများတွင် ကြီးစိုးနေသော အလံဖြူကွန်မြူနစ်ပါတီ(ဗကပ)၊ တရုတ်ဖြူ တို့နှင့်အခြား သောင်းကျန်းသူများအား တိုက်ပွဲပေါင်း(၄၁)ကြိမ် တိုက်ခိုက် နှိမ်နင်းပြီး နယ်မြေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ဆောင်ရွက်နိုင်ခဲ့သည်။

ယင်းနှင့်တစ်ဆက်တည်းပင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကြီးစိုးနေသော အလံဖြူကွန်မြူနစ်များ၊ အလံနီကွန်မြူနစ်များ၊ တရုတ်ဖြူကျူးကျော်ရေးသမားများနှင့် အခြားသောင်းကျန်းသူ အင်အား စုများကို တိုက်ပွဲပေါင်း (၉၅)ကြိမ် ဆင်နွှဲချေမှုန်း၍ နယ်မြေ စိုးမိုးရေး၊ လုံခြုံရေး တို့ကိုရယူနိုင်ခဲ့သည်။ မြစ်ကြီးနား၊ ကသာ၊ ဗန်းမော် ခရိုင်များနှင့် ကချင်ပြည်နယ်အတွင်းရှိ အလံဖြူ၊ အလံနီကွန်မြူနစ် တို့အား 'စကြာမောင်' စစ်ဆင်ရေးဖြင့် တိုက်ပွဲပေါင်း (၇၁)ကြိမ်ကို လည်းကောင်း၊ ကျိုင်းတုံဒေသနှင့် သံလွင်မြစ်အရှေ့ ဘက်ကမ်းဒေသများသို့ ကျူးကျော်ဝင်ရောက်လာသော တရုတ်ဖြူများနှင့် ပြည်တွင်း သောင်းကျန်း သူတို့အား တိုက်ပွဲပေါင်း(၈၁)ကြိမ်ကို လည်းကောင်း၊ ပခုက္ကူ၊မြင်းခြံ၊ မင်းဘူး၊ မကွေးခရိုင်များတွင် အလံနီတို့အား တိုက်ပွဲပေါင်း (၁၄၅)ကြိမ်ကို လည်းကောင်း တိုက်ခိုက်ချေမှုန်းပြီး နယ်မြေစိုးမိုးရေး၊ လုံခြုံရေး၊ အေးချမ်းသာယာရေး အတွက် ဆောင်ရွက်နိုင်ခဲ့သည်။

လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပြည်သူအပေါင်းတို့က ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ လွတ်လပ်ရေးကျောက်တိုင်ကြီးကိုကြည့်၍ ငါတို့ လွတ်လပ်ပြီဟု ဝမ်းသာပီတိဖြစ်ခဲ့ကြသည်။ သို့သော် ထိုစဉ်ကာလ အာဏာရပါတီ အတွင်း အယူဝါဒကွဲ၊ ဂိုဏ်းဂဏကွဲများကြောင့် လွတ်လပ်ရေး၏ အရသာကို ထိုစဉ်က တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားခဲ့ကြရချေ။

ထိုနည်းတူစွာ တောင်ပိုင်းတိုင်း
တောင်ငူခရိုင်နှင့် ကရင်ပြည်နယ် သံ
အခြား သောင်းကျန်းသူများအား
လည်းကောင်း၊ ကရင်ပြည်နယ် ဖာပွ
အလံနီကွန်မြူနစ် များနှင့် အခြားသော
(၃၈၆)ကြိမ်ဖြင့် လည်းကောင်း၊ မြ
ကရင်ပြည်နယ် ကော့ကရိတ်ဒေသရှိ ဗ
သောင်းကျန်းသူ များနှင့် အခြားသော
အကြိမ် ၂၈၀ ဖြင့် လည်းကောင်း ချေမှုန်
လုံခြုံရေးကို တည်ဆောက်နိုင်ခဲ့သည်။

ဤသို့အားဖြင့် တပ်မတော်သည်
ပဲခူး၊ ရွှေကျင်၊ မအူပင်၊ ဖျာပုံ၊ သရက်
နိုင်ငံနှင့် အဝန်းရှိ တရုတ်ဖြူကျူးကျော်
ကွန်မြူနစ်သောင်းကျန်းသူများနှင့် အ
များအား စစ်ဆင်ရေးကြီး(၁၀၈) ကြိမ်၊ ဒေသန္တရ စစ်ဆင်ရေး(၃၂၃) ကြိမ်၊ တိုက်ပွဲ ကြီးပေါင်း ၃၈၆ ပွဲ၊ တိုက်ပွဲငယ် ပေါင်း ၂၇၄၃ ပွဲဖြင့် တိုက်ခိုက် ချေမှုန်းနှိမ်နင်းခဲ့ရာ သောင်းကျန်းသူ ၁၈၇၂ဦး ကျဆုံးပြီး ၁၉၅၉ ဦးဒဏ်ရာရရှိ၍ ၁၂၃၈ ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။ ထို့ပြင် သောင်းကျန်းသူ၃၆၁၈ ဦး လက်နက်ချခဲ့သည်။ သောင်းကျန်းသူများထံမှ လက်နက်မျိုးစုံ ၅၆၅၃၈ လက်ကို သိမ်းဆည်းရမိခဲ့သည်။ အိမ်စောင့်အစိုးရက နိုင်ငံတော်ကို စတင်တာဝန်ယူ ဦးဆောင်သော ကာလမှစတင်၍ **ပြည်သူတို့၏ သတင်းပေးမှု၊ ကူညီမှုတို့ဖြင့် ပြည်ပကျူးကျော်**



မြင့်မြတ်သောနှလုံးသားပိုင်ရှင်များ

ကေတုနီလာ

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် သမိုင်းပုံရိပ်လွှာ

လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံရှိ တိုင်းရင်းသား ပြည်သူအပေါင်းတို့က ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ လွတ်လပ်ရေးကျောက်တိုင်ကြီးကိုကြည့်၍ ငါတို့လွတ်လပ်ပြီဟု ဝမ်းသာပီတိဖြစ်ခဲ့ကြသည်။ (သို့သော် ထိုစဉ်ကာလ အာဏာရပါတီ အတွင်း အယူဝါဒကွဲ၊ ဂိုဏ်းဂဏကွဲများကြောင့် လွတ်လပ်ရေး၏ အရသာကို ထိုစဉ်က တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားခဲ့ကြရချေ။)

ထိုနည်းတူစွာ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေဖြစ်သော တောင်ငူခရိုင်နှင့် ကရင်ပြည်နယ် သံတောင်ဒေသများရှိ ဗကပများနှင့် အခြား သောင်းကျန်းသူများအား တိုက်ပွဲပေါင်း (၃၁၇)ကြိမ်ဖြင့် လည်းကောင်း၊ ကရင်ပြည်နယ် ဖာပွန်၊ ဖားအံ ခရိုင်၊သထုံခရိုင်များရှိ အလံနီကွန်မြူနစ် များနှင့် အခြားသောင်းကျန်းသူများအား တိုက်ပွဲပေါင်း (၃၈၆)ကြိမ်ဖြင့် လည်းကောင်း၊ မြိတ်၊ ထားဝယ်၊ ကျိုက္ခမီခရိုင်နှင့် ကရင်ပြည်နယ် ကော့ကရိတ်ဒေသရှိ ဗကပသောင်းကျန်းသူများ၊ အလံနီ သောင်းကျန်းသူ များနှင့် အခြားသောင်းကျန်းသူများအား တိုက်ပွဲပေါင်း အကြိမ်၂၈၀ ဖြင့် လည်းကောင်း ချေမှုန်းတိုက်ခိုက်ပြီး နယ်မြေစိုးမိုးရေး၊ လုံခြုံရေးကို တည်ဆောက်နိုင်ခဲ့သည်။

ဤသို့အားဖြင့် တပ်မတော်သည် ဟင်္သာတ၊ ပုသိမ်၊ မြောင်းမြ၊ ပဲခူး၊ ရွှေကျင်၊ မအူပင်၊ ဖျာပုံ၊ သရက်၊ ပြည်၊ သာယာဝတီ အပါအဝင် နိုင်ငံနှင့် အဝန်းရှိ တရုတ်ဖြူကျူးကျော်ရေးသမားများ၊ အလံနီ၊ အလံဖြူကွန်မြူနစ်သောင်းကျန်းသူများနှင့် အခြားရောင်စုံ သောင်းကျန်းသူများအား စစ်ဆင်ရေးကြီး(၁၀၈)ကြိမ်၊ ဒေသန္တရ စစ်ဆင်ရေး(၃၂၃)ကြိမ်၊ တိုက်ပွဲ ကြီးပေါင်း ၃၈၆ ပွဲ၊ တိုက်ပွဲငယ် ပေါင်း ၂၇၄၃ ပွဲဖြင့် တိုက်ခိုက် ချေမှုန်းနှိမ်နင်းခဲ့ရာ သောင်းကျန်းသူ ၁၈၇၂ဦး ကျဆုံးပြီး ၁၉၅၉ ဦးဒဏ်ရာရရှိ၍ ၁၂၃၈ ဦးကို လက်ရဖမ်းဆီးနိုင်ခဲ့သည်။ ထို့ပြင် သောင်းကျန်းသူ၃၆၁၈ ဦး လက်နက်ချခဲ့သည်။ သောင်းကျန်းသူများထံမှ လက်နက်မျိုးစုံ ၅၆၅၃၈ လက်ကို သိမ်းဆည်းရမိခဲ့သည်။ အိမ်စောင့်အစိုးရက နိုင်ငံတော်ကို စတင်တာဝန်ယူ ဦးဆောင်သော ကာလမှစတင်၍ **ပြည်သူတို့၏ သတင်းပေးမှု၊ ကူညီမှုတို့ဖြင့် ပြည်ပကျူးကျော်ရေးသမား တရုတ်ဖြူတို့ကို တိုက်ခိုက်မောင်းထုတ်နိုင် သကဲ့သို့ ပြည်တွင်းသောင်းကျန်းသူ အင်အား ၁၅၀၀၀ကျော်မှ ၅၀၀၀ ခန့် အထိ ကျဆင်းပြိုကွဲအောင် တပ်မတော်သည် စစ်ရေးစွမ်းရည်၊ စည်းရုံးရေး စွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်ဟူသောစွမ်းရည်သုံးရပ်ဖြင့် တိုက်ပွဲဝင်ချေမှုန်းနိုင်ခဲ့သည်။**

ပြည်သူထဲက ပေါက်ဖွား ရှင်သန်လာခဲ့သော တပ်မတော်သည် ပြည်သူတို့၏ အကျိုးစီးပွားနှင့်အတူ နိုင်ငံတော် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အစဉ်ကာကွယ် စောင့်ရှောက်ပေးလျက်ရှိရာ ၁၉၅၈-၅၉-၆၀ပြည့်နှစ် ကာလများအတွင်း ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့် နိုင်ငံတော်၏ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအကျပ် အတည်းများကိုလည်း ရင်ဆိုင် ဖြေရှင်းခဲ့ရသည်။

ထိုသို့ တပ်မတော်အစိုးရက ပထမအား နိုင်ငံတော်အာဏာ ကို လွှဲပြောင်းပေးပြီးနောက် သောင်းကျန်းသူများကို နှိမ်နင်း နေစဉ်မှာပင် ပထမအစိုးရအတွင်း အုပ်စုကွဲများဖြစ်လာပြန်သည်။ ဦး၊ ဗိုလ်၊ သခင် အုပ်စုများအဖြစ်ကွဲကာ ပါတီအတွင်း ခေါင်းဆောင်နေရာရရေး အတွက်အပြိုင်အဆိုင်လုခဲ့ကြသည်။ အုပ်စုကွဲများ မသင့်မတင့်ဖြစ်မှုသည် ကြီးမားလာပြီး အာဏာရပါတီအတွင်း အုပ်ချုပ်ရေးများပျက်ပြားလာခဲ့သည်။ ၎င်းကို အခွင့်ကောင်းယူ၍ သောင်းကျန်းသူများ ပိုမိုထကြွလာကာ ပြည်ပအားကိုး ပဒေသရာဇ်များကလည်း ပြည်ထောင်စုကြီးကို ဖြိုခွဲရန်ကြိုးပမ်းလာကြသည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တော်လှန်ရေးကောင်စီကို ဖွဲ့စည်းပြီး ၁၉၆၂ခုနှစ် မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်အာဏာကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ရသည်။

နိုင်ငံအတွက် အရေးကြိုးသော တပ်မတော်သားများသည် ရှေ့တန်းမှ ရပ်တည်ခဲ့ကြသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ကိုပင် ပဓာနမထား စွန့်စွန့်စားစား ပေးဆပ်ခဲ့ကြသည်။ ၎င်းတို့သည် အန္တရာယ်ရန်စွယ်ကြီးမားမှန်း သိပါလျက်၊ ငွေကြေးနှင့် အကျိုးအမြတ် ခံစားခွင့်များ မရမှန်းသိပါလျက်၊ နောက်ဆုံး အသက်ကိုပင် ပေးဆပ်ရမည်ကို သိပါလျက် ရဲဝံ့စွန့်စားကာ နိုင်ငံ့ဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည်။ ဤသည်မှာ တပ်မတော်သားများသည် မျိုးချစ်စိတ်ကြီးမားမှု၊ ကိုယ်ကျိုးစွန့်မှု၊ အပင်ပန်းအဆင်းရဲခံနိုင်မှု၊ ခွဲလုံ့လဝီရိယရှိမှု စသော စိတ်ဓာတ်များကို ပိုင်ဆိုင်ထားကြသည့် မြင့်မြတ်သော နှလုံးသားပိုင်ရှင်များ ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ ။

၁၉၅၈ခုနှစ်ကကျူးကျော်သူ ကူမင်တန်တို့ကို တွန်းလှန်တိုက်ထုတ်နိုင်ခဲ့သည့် မင်းရန်အောင် စစ်ဆင်ရေးမှ စွန့်လွှတ်စွန့်စား တပ်မတော်သားများ။

> နိုင်ငံအတွက် အရေးကြီးသော တပ်မတော်သား များသည် ရှေ့တန်းမှ ရပ်တည်ခဲ့ကြသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ကိုပင် ပဓာနမထား စွန့်စွန့်စားစား ပေးဆပ်ခဲ့ကြသည်။ ၎င်းတို့သည် အန္တရာယ်ရန်စွယ် ကြီးမားမှန်း သိပါလျက်၊ ငွေကြေးနှင့် အကျိုးအမြတ် ခံစားခွင့်များ မရမှန်းသိပါလျက်၊ နောက်ဆုံး အသက်ကိုပင် ပေးဆပ်ရမည်ကို သိပါလျက် ရဲဝံ့စွန့်စားကာ နိုင်ငံ့ဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည်။ ဤသည်မှာ တပ်မတော်သားများသည် မျိုးချစ်စိတ်ကြီးမား မှု၊ ကိုယ်ကျိုးစွန့်မှု၊ အပင်ပန်းအဆင်းရဲခံနိုင်မှု၊ ဇွဲ၊ လုံ့လဝီရိယရှိမှု စသော စိတ်ဓာတ်များကို ပိုင်ဆိုင်ထားကြသည့် မြင့်မြတ်သော နှလုံးသားပိုင်ရှင်များ ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ ။



အိမ်စောင့်အစိုးရလက်ထက်က တောင်ဥက္ကလာပ (မြို့သစ်)ကို စက်ယန္တရားကြီးများဖြင့် ဤသို့ ဖော်ထုတ်တည်ဆောက်ပေးခဲ့သည်။



၁၉၆၂ခုနှစ်က သောင်းကျန်းသူများကို ချေမှုန်းခဲ့သော မြန်မာ့တပ်မတော်၏ စွမ်းစွမ်းတမံ အောင်ပွဲခံခဲ့သည့် တပင်ရွှေထီးစစ်ဆင်ရေးမှ တင့်ကားများ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားတွင် လေယာဉ်ပြေးလမ်းတည်ဆောက်ရေးစီမံကိန်းဝန်ထမ်းများကိုယ်စား တည်ဆောက်ရေး လက်ထောက်အင်ဂျင်နီယာ ဦးသန်းထွဋ်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။(သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည်အကျိုး

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်နှင့် ဆရာအတတ်ပညာဒီပလိုမာအပ်နှင်း

ရန်ကုန် မတ် ၁၄

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ဒုတိယအကြိမ်ဆရာအတတ်ပညာဒီပလိုမာအပ်နှင်းခြင်းအခမ်းအနားကို မတ် ၁၂ရက် နံနက် ၉နာရီက တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဥကျင်းပရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက မဟာပညာရေးဘွဲ့ရရှိသူလေးဦးနှင့် ပညာရေးဘွဲ့ ရရှိသူ ၅၀ တို့အား ဘွဲ့လက်မှတ်များအပ်နှင်းသည်။ ထို့နောက် တက္ကသိုလ်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် **(အောက်ပုံ)** က ဆရာအတတ်ပညာဒီပလိုမာရရှိသူ ၁၅၈ ဦးအား ဒီပလိုမာအပ်နှင်းသည်။

ဆက်လက်၍ တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို နံနက် ၁၀ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၄ မှ

ကိန်းဂဏန်း စာရင်းများအရရော၊ ရုပ်ပိုင်းဆိုင်ရာလက်တွေ့ ဖြစ်ပေါ်နေမှုများအရပါ တိုးတက်ဖွံ့ဖြိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ကို နိုင်ငံတော်တစ်ဝန်းတွင် မှတ်ကျောက်တင်နိုင်နေပြီဖြစ်ကြောင်း။

စည်းလုံးမှုစွမ်းအား

ထိုကဲ့သို့ မှတ်ကျောက်တင်နိုင်ခြင်းသည်လည်း နယ်စပ်ဒေသများအပါအဝင် ပြည်နယ်၊ တိုင်း အားလုံး၌ အေးအတူပူအမျှ အတူတကွ နေထိုင်နေကြသည့် တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့်ပင် ဖြစ်ကြောင်း။

တိုင်းရင်းသားအချင်းချင်း အပြန်အလှန် နားလည်စာနာမှု၊ ထောက်ထားမှု၊ ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မှု စသည့် ညီညွတ်မှုအင်အား၏ အကျိုးရလဒ်များသည် ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ချစ်ကြည်ရင်းနှီးမှုပင် ဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး သံသယပွားနေရမှု၊ ထိပ်တိုက်ရင်ဆိုင် ပဋိပက္ခဖြစ်ပွားနေရမှုတို့ လွှမ်းခြုံခဲ့ရသည့် အတိတ်သမိုင်း၏ ဆိုးကျိုးများသည် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးမှုတို့၏ ဆန့်ကျင်ဘက် လူမှုအနိဋ္ဌာရုံများပင်ဖြစ်ကြောင်း။

မျက်မြင်ခံစားနေရပြီ

ပြည်သူအားလုံးသည် တစ်ဦးချင်းအရ မိမိဘဝဖွံ့ဖြိုးရေးနှင့် လုံခြုံရေးကို တပ်မက်မြတ်နိုးသကဲ့သို့ မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိလူမျိုးအတွက် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြစမြဲဖြစ်ကြောင်း၊ ပြည်သူများ၏ ဆန္ဒနှင့်လိုက်လျောညီထွေစွာ ယနေ့ပြည်ထောင်စုတစ်ဝန်းတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများ ညီညီညွတ်ညွတ် ပူးပေါင်းပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့်တည်ဆောက်နိုင်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် သာယာမှုများ မျက်မြင်တွေ့ရှိ ခံစားနေရပြီဖြစ်ကြောင်း။

ဤနေရာတွင် နိုင်ငံတော်အနေဖြင့် ပြည်ပချေးငွေ၊ ပြည်ပအကူအညီများ မရရှိအောင် ကန့်သတ်ခံထားရသည့်အတွက် ပြည်ပအကူအညီအပေါ် မမှီခိုဘဲ ရန်းကန်တည်ဆောက်ထားသည့် ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် သာယာမှုများသည် ပြည်ပလောင်းရိပ်ကင်းသည့် ကိုယ်ပိုင်အသီးအပွင့်ရတနာများပင်ဖြစ်ကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်အင်အား၊ ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်ခံယူချက်များဖြင့် ကြိုးစားပမ်းစားဖန်တီးပျိုးထောင်ထားမှုများပင် ဖြစ်ကြောင်း။

ဝိုင်းဝန်းတည်ဆောက်

ထို့ကြောင့် အပြုတရားနှင့် အဖျက်တရား၊ အကောင်းနှင့်အဆိုး၊ တိုးတက်မှုနှင့် ဆုတ်ယုတ်မှုတို့ကို လက်တွေ့ ကွဲကွဲပြားပြား ရှင်းရှင်းလင်းလင်း သုံးသပ်ရှုမြင်ပြီး မိမိတို့အပင်ပန်းခံပြီး ဖန်တီးထားသည့် တိုးတက်မှု အသီးအပွင့်များကို ဝိုင်းဝန်း ထိန်းသိမ်းကာကွယ်ကြရမည်ဖြစ်ကြောင်း၊နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ကြွားကြွား အခွန့်ရှည်စွာ ရပ်တည်နိုင်ရေး၊ ပြည်သူတစ်ရပ်လုံး လူနေမှုဘဝ အဆင့်အတန်း ပြည့်စုံမြင့်မားစေရေးစသည့် တစ်မျိုး သားလုံးနှင့် သက်ဆိုင်သည့် ရည်မှန်း ချက်များကိုလည်း မဖြစ်မနေ ဆက်လက် ဝိုင်းဝန်းတည်ဆောက် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ဖွင့်လှစ်လိုက်သည့် ပုသိမ်လေယာဉ်ကွင်းကို တာဝန်ယူ ဆောင်ရွက်ပေးခဲ့သည့် မြန်မာ့အားဆောက်လုပ်ရေးလုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနကို လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသည့် ဝန်ကြီးဌာနများနှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပုသိမ်လေယာဉ်ကွင်းသည် ၁၉၄၂ ခုနှစ် ဂျပန်ခေတ်တွင် စစ်လေယာဉ်ကွင်းငယ်အဖြစ် တည်ဆောက်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ၁၉၄၉ ခုနှစ်တွင် စံချိန်မီလေယာဉ်ကွင်း တစ်ခုဖြစ်လာစေရန် တည်ဆောက်ခဲ့ရာ ၁၉၇၉ ခုနှစ်အထိ အလျားပေ ၁၀၅၀၊ အကျယ်ပေ ၁၀၀ ရှိ ကတ္တရာပြေးလမ်းအဖြစ် တည်ရှိခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၃ ခုနှစ်တွင် နောက်ထပ်တစ်ကြိမ် ထပ်မံတိုးချဲ့တည်ဆောက်ခဲ့သည့်အတွက် စုစုပေါင်း ကျောက်ကတ္တရာပြေးလမ်း အရှည်ပေ ၄၈၀၀ နှင့် အကျယ်ပေ ၁၀၀ အထိ ရရှိခဲ့ကြောင်း။

ပုံစံရေးဆွဲ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၂၀၀၁ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်စစ်ဆေးခဲ့စဉ် ပုသိမ်လေယာဉ်ကွင်းကို ခေတ်မီလေဆိပ်အဖြစ် တည်ဆောက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပုသိမ်လေယာဉ်ပြေးလမ်းကို အလျားပေ ၁၂၀၀၀၊ အကျယ်ပေ ၂၀၀ ရရှိသည် အထိ ကွန်ကရစ်ခင်း တည်ဆောက်သွားရန် ပုံစံရေးဆွဲ စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

ယခုအချိန်တွင် ပုသိမ်လေယာဉ်ပြေးလမ်းကို အလျားပေ ၈၅၀၀၊ အကျယ်ပေ ၁၀၀၊ ကွန်ကရစ်ထု ၂၂ လက်မ တည်ဆောက်ပြီးစီးပြီဖြစ်သည့်အတွက် ပြည်တွင်းလေယာဉ်များနှင့် အလေးချိန် ပေါင်တစ်သိန်းခွဲရှိ အဲယားဘတ်စ်၊ ဘိုးရင်း(၇၃၇)ကဲ့သို့ ပြည်ပလေယာဉ်များ စတင်ဆင်းတက်နိုင်ပြီဖြစ်သောကြောင့် ယခု ဖွင့်လှစ်ပြီးလေကြောင်းလိုင်းများ စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လေယာဉ်ပြေးလမ်း တည်ဆောက်ရေးလုပ်ငန်းကိုလည်း ရည်မှန်းချက်အတိုင်း ဆက်လက် တည်ဆောက်နေခြင်းကြောင့် မကြာခင်အချိန်အတွင်းတွင် လေယာဉ်ပြေးလမ်း အလျားပေ ၉၃၀၀၊ အကျယ် ပေ ၂၀၀ ပြီးစီးသွားမည်ဖြစ်သကဲ့သို့ နောက်တစ်ဆင့်တွင် အလျားပေ ၁၂၀၀၀၊ အကျယ်ပေ ၂၀၀ ရသည်အထိ တည်ဆောက်သွားမည်ဖြစ်၍ ဂျက်လေယာဉ်ကြီးများ အချိန်အခါ မရွေး၊ ရာသီဥတုမရွေး ဆင်းတက်နိုင်မည့် စံချိန်မီ လေယာဉ်ကွင်း တစ်ကွင်း ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့အပြင် လေဆိပ်ခရီးသည် အဆောက်အအုံ နှင့် လေကြောင်းထိန်းမျှော်စင်တို့ကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း။

ဘိုးရင်း(၇၃၇)ဆင်းတက်နိုင်ရေး

ယခင်က မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများသို့ လေကြောင်းဖြင့်ဆက်သွယ်သွားလာရေးတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုသာ ရှိခဲ့ကြောင်း၊ ယခုအခါ နိုင်ငံတကာအဆင့်မီ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း အဆင့်မြှင့်မွမ်းမံခြင်း၊ တိုးချဲ့တည်ဆောက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မကွေးလေဆိပ်ကို ၂၀၀၃ ခုနှစ် ဇွန် ၆ ရက်၊ ဟုမ္မလင်းလေဆိပ်ကို ၂၀၀၃ ခုနှစ် ဩဂုတ် ၃ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ပုသိမ်လေဆိပ်ကို ဖွင့်လှစ်နိုင်သကဲ့သို့ မကြာမီရက်ပိုင်းတွင် မုံရွာလေဆိပ်ကို ဆက်လက်ဖွင့်လှစ်သွားနိုင်မည်ဖြစ်ကြောင်း၊ အခြား လေဆိပ်များကိုလည်း ဘိုးရင်း ၇၃၇-၄၀၀ ကဲ့သို့သော ခရီးသည်တင် လေယာဉ်ကြီးများ ဆင်းတက်နိုင်ရေးအတွက် တည်ဆောက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ပုသိမ်လေဆိပ်ကို ကြာရှည်ခိုင်မြဲစေရန်နှင့် လေဆိပ်စိမ်းလန်းစိုပြည်ရန်တို့အတွက် သက်ဆိုင်ရာဌာနများနှင့် နယ်မြေခံ ပြည်သူလူထုများကလည်း ဝိုင်းဝန်း ထိန်းသိမ်းသွားကြပါရန် မှာကြားအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ဧရာဝတီတိုင်းအတွင်း စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လယ်ယာစီးပွားရေးကဏ္ဍအနေဖြင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်/တမံပေါင်းနှစ်ခုကို တည်ဆောက်ပေးခဲ့ပြီး ထပ်မံ၍ ဆည်/တမံသုံးခုကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ ရေထိန်းတံခါး ၄၉ ခုကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြစ်ရေတင်စီမံကိန်းအနေဖြင့် လျှပ်စစ်မြစ်ရေတင် ၂၄ခုတည်ဆောက်ပေးခဲ့ပြီး ဆက်လက်၍ လေးခုကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ထိုကဲ့သို့ ဆည်/တမံများ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် မိုးစပါး၊ နွေစပါးစိုက်ဧက သိန်း ၅၀ ကျော်အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဧရာဝတီတိုင်းတွင် မိုးစပါးကို တစ်နိုင်ငံလုံး စိုက်ဧက၏ လေးပုံ တစ်ပုံ၊ နွေစပါးကို တစ်နိုင်ငံလုံး စိုက်ဧက၏ သုံးပုံနှစ်ပုံ စိုက်ပျိုးနိုင်ခဲ့သဖြင့် စုစုပေါင်း တစ်နိုင်ငံလုံး စပါးစိုက်ဧက၏ သုံးပုံ တစ်ပုံကို ဧရာဝတီတိုင်းက စိုက်ပျိုးနိုင်ခဲ့ကြောင်း။

ရည်မှန်းချက်ပန်းတိုင်

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုသိမ်စက်မှုဇုန်၊ ဟင်္သာတစက်မှုဇုန်၊ မြောင်းမြစက်မှုဇုန်သုံးခုကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပညာရေးကဏ္ဍအနေဖြင့် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၂ခုကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် မိမိတို့၏ သားသမီးများ ယခင်က ကဲ့သို့ ရပ်ဝေးတွင်သွားပြီး ပညာသင်ကြားရန် မလိုတော့ဘဲ မိမိတို့ဒေသအတွင်းတွင်ပင် အဆင့်မြင့်ပညာများကို လေ့လာသင်ယူနိုင်မည် ဖြစ်ကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ဧရာဝတီတိုင်းအတွင်း ခုတင်(၂၅၀)ဆံ့မှ တိုက်နယ်ဆေးရုံအဆင့်အထိ ဆေးရုံပေါင်း ၇၁ ခု၊ ကျေးလက်ကျန်းမာရေးဌာနမှ မိခင်နှင့်ကလေး ဆေးပေးခန်းအထိ ဆေးပေးခန်းပေါင်း ၁၀၀၀ တို့ကို ဖွင့်လှစ်၍ အားလုံးကျန်းမာ (Health for All) ရည်မှန်းချက်ပန်းတိုင်သို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်မဖြစ်ပေါ်စေရေးအတွက် အခြေခံအဓိကလိုအပ်ချက်ဖြစ်သည့် လမ်းမကြီးများ၊ တံတားကြီးများ၊ ရထားလမ်းများ၊ လေယာဉ်ကွင်းများကို နိုင်ငံအဝန်း စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းအတွင်း၌လည်း ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ကတ္တရာ၊ ကျောက်၊ မြေသားလမ်း စုစုပေါင်း ၈၁၉ မိုင် ၄ ဖာလုံ တိုးချဲ့ဖောက်လုပ်နိုင်သည့်အတွက် ဧရာဝတီတိုင်းအတွင်း ဝန်ကြီးဌာနပိုင် လမ်းပေါင်း ၄၄ လမ်း၊ မိုင်အရှည် ၁၂၈၁ မိုင် ၃ ဖာလုံကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် ပေ ၁၈၀ အထက်တံတားကြီးပေါင်း ၃၉ စင်းကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ပြီး ယခုလက်ရှိ အရှည်ပေ ၂၁၄၀ ရှိ ပုသိမ်တံတားနှင့် အရှည် ၃၈၃၂ ပေ ၆ လက်မရှည်သည့် ဖျာပုံတံတားတို့ကို ဆက်လက်တည်ဆောက်လျက်ရှိသကဲ့သို့ မြို့ကွင်းတံတား၊မြင်းကဆိပ်တံတားနှင့် ကျွန်းကုန်းတံတားတို့ကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

ယနေ့ဆိုလျှင် ပုသိမ်လေယာဉ်ကွင်းကြီးတည်ဆောက်ပြီးစီးပြီဖြစ်၍ လေကြောင်းလမ်းဖြင့်ပါ သွားလာနိုင်တော့မည်ဖြစ်၍ ဧရာဝတီတိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ကူညီစောင့်ရှောက်ထူထောင်ပေးသည့် နိုင်ငံတော်ကို ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်ကျေးဇူးနှင့် စေတနာကို တုံ့ပြန်သည့်အနေဖြင့် ဧရာဝတီတိုင်း၏ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူ စက်မှုလုပ်ငန်းရှင် ဦးအောင်ကျော်စိန်က ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူများစွာ ဖြစ်ထွန်းစေမည့် ပုသိမ်လေဆိပ်လေယာဉ်ပြေးလမ်း တည်ဆောက်ဖွင့်လှစ်ပေးခြင်းကို ဒေသခံ ပြည်သူများကိုယ်စား နိုင်ငံတော်အား ကျေးဇူးတင်စကားပြောကြားသည်။ *စာမျက်နှာ ၁၁ သို့*

အာရှဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲအတွက် လူရွေးပြိုင်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် ထိုင်းနိုင်ငံ၌ကျင်းပမည့် အာရှဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပိုက်ကျော်ခြင်း လူရွေးပြိုင်ပွဲ၏ ရှုံး/ထွက်ပြိုင်ပွဲ ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ပိုက်ကျော်ခြင်းပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

လူရွေးပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ပိုက်ကျော်ခြင်း အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

လူရွေးပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် လက်ရွေးစင်(ခ)အသင်းနှင့် ပို့ဆောင်ရေး(က)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လက်ရွေးစင်(ခ)အသင်းက ၂၁-၁၅မှတ်၊ ၂၃-၂၁မှတ်ဖြင့် အနိုင်ရရှိဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဦးချစ်ခိုင်က ဒုတိယဆုရရှိသော ပို့ဆောင်ရေး(က)အသင်းအား ဆုကြေးငွေကျပ် ငါးသောင်းကိုလည်းကောင်း၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း**(အပေါ်ပုံ)**က ပထမရရှိသော လက်ရွေးစင်(ခ) အသင်းအား ဆုကြေးငွေကျပ် တစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်လိုက်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၀ မှ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ပြည်နယ်၊ တိုင်းအားလုံး မျှမျှတတ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရန်လိုအပ်ကြောင်း၊ ဧရာဝတီတိုင်းသားများ၏ တာဝန်သိသိ၊ သစ္စာရှိရှိ နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီလက်တွဲ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုအခါ ဧရာဝတီတိုင်းသည် အဘက်ဘက်က တိုးတက်လာနေပြီဖြစ်ကြောင်း။

ညီညီညွတ်ညွတ်လုပ်ကိုင်

ယင်းဖွံ့ဖြိုး တိုးတက်လာသော အခြေခံကောင်းများကို အခြေပြု၍ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုနှုန်းဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေအောင် ကြိုးစားအားထုတ်လုပ်ကိုင်သွားကြရန် လိုအပ်ကြောင်း၊ ယင်းသို့ ကြိုးစားအားထုတ်လုပ်ကိုင်ရာ၌ စည်းကမ်းရှိမှု၊ အချိန်ကိုလေးစားတန်ဖိုးထားမှု၊ စေတနာမှန်ကန်ထက်သန်မှု၊ အလုပ်ကိုဝီရိယထားကြိုးစားလုပ်ကိုင်တတ်မှု၊ ခေတ်မီနည်းပညာရပ်များနှင့်အညီ တီထွင်ကြံဆလုပ်ကိုင်တတ်မှုတို့ကို အရင်းတည်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း။

သို့မှသာ ဧရာဝတီတိုင်း၏ဖွံ့ဖြိုးတိုးတက်မှုကိုအရှိန်အဟုန်မြှင့်တင်နိုင်မည်ဖြစ်သည့်အပြင် နိုင်ငံတော်ကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပိုမိုအထောက်အကူပြုသွားနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် စေတနာကောင်း၊ အရည်အချင်းကောင်း၊ အလုပ်ကောင်းတို့ဖြင့် ရှေ့သို့လည်း ဖွံ့ဖြိုးတိုးတက်ရန်အလားအလာကောင်းများရှိသည့် ဧရာဝတီတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုခိုင်မာတောင့်တင်းရေးကို ဖော်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေးက ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းတည်ဆောက်ရေး စီမံကိန်းဝန်ထမ်းများကိုယ်စား တည်ဆောက်ရေးလက်ထောက်အင်ဂျင်နီယာ ဦးသန်းထွဋ်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်လှစ်မည့်နေရာသို့ သွားရောက်နေရာယူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့က ပုသိမ်လေဆိပ် လေယာဉ်ပြေးလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြပြီး လေယာဉ်ပြေးလမ်းကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

အခမ်းအနားအပြီးတွင် ပုသိမ်လေဆိပ်ခန်းမ၌ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များအား ပုသိမ်လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ မြန်မာ့အား ဆောက်လုပ်ရေးကုမ္ပဏီ စီမံကိန်းဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးကျော်မြင့်က ရှင်းလင်းတင်ပြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို ညှိနှိုင်းမှာကြားသည်။ **(သတင်းစဉ်)**

မီးကြွင်းမီးကျန် မရှိရန်
ကျင့်ကြံသတိ အမြဲရှိ

မြန်မာ့ဂုဏ်မြှင့်တင်ဖို့ ပိုက်ကျော်ခြင်းကိုကစားကြစို့

ကျော်မျိုးနိုင်

မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ၏ ၃-၂-၂၀၀၄ ရက်စွဲပါ အမိန့်အရ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌအသစ်အဖြစ် ဦးချစ်ခိုင် (ဒေင်အုပ်စုကုမ္ပဏီ)ကို တာဝန်ပေးအပ်လိုက်ကြောင်း သိရကတည်းက စိတ်ဝင်စားခဲ့သည်။

အချို့သော သုတေသီများက မြန်မာနိုင်ငံတွင် ပျူခေတ်ကတည်းက အစပြုခဲ့သည်ဟု ယူဆထားသော ခြင်းလုံးကစားခြင်းကို မြန်မာများ ဗိုလ်မစွဲခဲ့သည်မှာ ကြာချေပြီ။ (၁၉၉၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့ရာ အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ရွှေ(၄)ကြိမ်၊ ငွေ (၁၀)ကြိမ်၊ ကြေး(၁၅)ကြိမ် ဆုရရှိခဲ့ဖူးသည်။)

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ။

ဦးချစ်ခိုင်(ဒေင်အုပ်စုကုမ္ပဏီ)သည် အောင်မြင်နေသော လုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ကို အားတက်သရော ဦးဆောင်ကူညီပံ့ပိုးပေးနိုင်မည့်သူတစ်ဦးအဖြစ် ယုံကြည်သည်။

၂၇-၂-၂၀၀၄ ရက်နေ့ အဖွဲ့ချုပ် အစည်းအဝေးတွင် ဥက္ကဋ္ဌက ကျပ်သိန်း ၁၀၀ စတင်မတည် ထည့်ဝင်ခဲ့သည်။ ထို့နောက် ပိုက်ကျော်ခြင်း အားကစားရုံပြင်ဆင်ရေး၊ ပတ်ဝန်းကျင် သာယာစိမ်းလန်းစိုပြည်ရေး၊ အားကစားသမားများ၏ အိပ်ဆောင်များ ဆောက်လုပ်ရေး၊ နှစ်လတစ်ကြိမ် ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပရေး၊ (၁၁)ကြိမ်မြောက် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပရေး၊ ထိုပြိုင်ပွဲမှ Sea Games အတွက် အမျိုးသားအားကစားသမားများနှင့် အမျိုးသမီးအားကစားသမားများရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်ပေးရေးတို့ကို ဆောင်ရွက်သွားမည်ဟုသိရသည်။

ထို့ကြောင့်လည်း ၁၄-၃-၂၀၀၄ ရက်နေ့တွင် ဆောင်းပါးရှင် ပိုက်ကျော်ခြင်းအားကစားရုံသို့ မွန်းလွဲ ၂ နာရီတွင် ရောက်သွားခဲ့သည်။ ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့်တကွ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များကို စုံညီစွာ၊ တက်ကြွစွာ တွေ့ခဲ့ရပြီး လက်ရွေးစင်(ခ) အသင်းနှင့် ပို့ဆောင်ရေး(က)အသင်းတို့ ယှဉ်ပြိုင်ကစားသည်ကို ကြည့်ခဲ့ရသည်။ ဥက္ကဋ္ဌဦးချစ်ခိုင်က မိမိအသင်းအနေဖြင့် ပြိုင်ပွဲအတွေ့အကြုံရရေး နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ မိမိဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးနောက် ထိုင်းနိုင်ငံသို့ သွားရောက်ပြီး ၂-၃-၂၀၀၄ ရက်နေ့တွင် ဗန်ကောက်မြို့၌ ထိုင်းနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ လာအိုနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ကမ္ဘောဒီးယား ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့ကိုတွေ့ဆုံပြီး ပူးတွဲလေ့ကျင့်ရေးဆိုင်ရာများ ဆွေးနွေးခဲ့သည် ဟု ပြောပြခဲ့သည်။ အပြန်တွင် ဗန်ကောက်မှ နိုင်ငံတကာစံညွှန်းနှင့်ညီသော ခြင်းလုံး၂၂၀၀နှင့် ပိုက် ၂၀၀ တို့ကို ဝယ်ယူခဲ့ကြောင်း၊ ၎င်းတို့အား ကျောင်းများ၊ ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့်တိုင်းများသို့ ဖြန့်ဖြူးပေး၍ ပိုက်ကျော်ခြင်း အားကစားနည်းကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အားပါးတရ ပြောကြားခဲ့သည်။

ဆောင်းပါးရှင်လည်း တက်ကြွသော မျှော်လင့်ချက်များဖြင့် ပြည့်လျှမ်းနေကြ သော ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများနှင့် အမှုဆောင်များ။ "ပေါ့ပါး၊ သွက်လက်၊ ဖျတ်လတ်၊ သန်မာ၊ ကြံ့ခိုင်သော ပိုက်ကျော်ခြင်းလက်ရွေးစင် အားကစားသမားများ၏ မျက်နှာများကိုကြည့်ပြီး **ပိုက်ကျော်ခြင်း** ဖြင့် မြန်မာ့ဂုဏ်ကိုမြှင့်တင်ဖို့အရေး မဝေးလှတော့"ဟု ယုံကြည်မိပါတော့သည်။ ။

ပို့ဆောင်ရေး(က)အသင်းမှ မြတ်သီဟထူး၏တိုက်စစ်။

(၅၉)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ဘယ်ပန်းသာလို့ယဉ် ဓာတ်လမ်းပမာ ထုတ်လွှင့်မည်

ရန်ကုန် မတ် ၁၄

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရိုးရိုးလေး၏ ဝတ္ထုဇာတ်ညွှန်းကို ယဉ်ယဉ်ရွှေ စီစဉ်ထုတ်လွှင့်လိုက်သည့် "ဘယ်ပန်းသာလို့ယဉ်" ဇာတ်လမ်းပမာနားဆင်စရာကို မတ် ၁၀ ရက်ည ၇ နာရီ၁၅ မိနစ်နှင့် မတ် ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတို့တွင် မြန်မာ့အသံ ရေဒီယို အစီအစဉ်က ထုတ်လွှင့်မည်ဖြစ်သည်။ယင်းဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် လင်းဇာနည်ဇော်နှင့် မြန်မာ့အသံဝန်ထမ်းများက ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင် မြို့နယ်ဥပဒေရုံးများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၄

ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် ဥပဒေရုံးနှင့် မှော်ဘီမြို့နယ် ဥပဒေရုံးများသို့ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် တိုက်ကြီးမြို့နယ် ဥပဒေရုံးသို့ လည်းကောင်း သွားရောက်၍ မြို့နယ်ဥပဒေအရာရှိများအားတွေ့ဆုံပြီး ဥပဒေရေးရာကိစ္စရပ်များ၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ၊ တရားစွဲနှင့်အမှုလိုက်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားကာ ဥပဒေရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့တွင်စစ်ရေးပြကြမည့်စစ်ကြောင်းကြီးများ တပ်ပါချီတက်လေ့ကျင့်မှုများဆက်လက်ဆောင်ရွက်

ရန်ကုန် မတ် ၁၄

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၆ နာရီမှ ၉ နာရီခွဲအထိ ရန်ကုန်မြို့ရှိ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ အသွားအပြန်(တပ်ပါ) ချီတက်လေ့ကျင့်မှုများကို စစ်ရေးပြ အမိန့်စဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုများဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် မင်းသိန်းနှင့် အရန်စစ်ရေးပြမှူးကြီး ဗိုလ်မှူးကြီး ညီထွန်းတို့ ဦးဆောင်၍ အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ နဝဒေးစစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်း၊ မြဝတီစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ပါဝင်ချီတက်စစ်ရေးပြလေ့ကျင့်ကြသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါစစ်ရေးပြလေ့ကျင့်ရာသို့ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည့်ရှုစစ်ဆေးကြသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၅-၃-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် Historical Background of Myanmar Economy (ပြည်သူ့ရေးရာ)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်
၆:၄၅ ၁၇။ မြန်မာ့လက်သီး
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကြယ်နှင့်အတူ ပျံသန်းနေသော"** သရုပ်ဆောင်-ကိုကိုလင်းမောင်၊ ခင်ဇာခြည်ကျော်၊ ယမုံဇင် ဒါရိုက်တာ-တင်သန်းဦး (အပိုင်း-၁)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"**(အပိုင်း-၂၁)

ဖေဖော်ဝါရီ၁၅ ရက်က တောင်ဥက္ကလာပမြို့နယ် အလက(၃) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲတွင် ပထမတန်းမှ ပဉ္စမတန်းအထိ နှစ်စဉ်ပထမဆုရရှိခဲ့သော ကျောင်းသူ မဆေဆေနိုင်အား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးညွန့်မြိုင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၅-၃-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၂၀ ၈။ ဘော်ဘင်ရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
– (၅၂)နှစ်မြောက်တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ကြားသည့်မိန့်ခွန်း မှကောက်နုတ်ချက်
၁၆:၁၀ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation.
၁၆:၄၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ(၂၀၀၃ ခုနှစ်)
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) (သင်္ချာ)
၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
၁၇:၃၀ ၇။ အကပဒေသာ
၁၇:၄၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၅၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၁၀ ၁၀။ လက်ဆင့်ကမ်းပေးဂီတတေး
၁၈:၂၀ ၁၁။ Discovery
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉:၂၀ ၁၅။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၃၀ ၁၆။ သာယာငြိမ်းချမ်းစိမ်းလန်းစိုပြည် ရန်ကုန်မြေ(အပိုင်း-၂)
၁၉:၄၀ ၁၇။ (၅၂)နှစ်မြောက်တပ်မတော်နေ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်ကြားသည့်မိန့်ခွန်း မှကောက်နုတ်ချက် "ပြည်သူ့အတွက်တပ်မတော်"
– ပြည့်အကျိုးလုပ်ငန်း သယ်ပိုးရန်မှာတို့ဝန်တာ(ကျန်းမာရေး၊မူးယစ်)
– ပြည်ထောင်စုဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်ထက်
– ဇာတိမာန်(ရဲဘော်ခင်မောင်လှ၊ ဖိုးဆိုချင် ခင်မောင်ညွန့်)
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၁၀)

✡ ကျောဖုံးဆောင်းပါးအညွှန်းမှ

ကျောက်စိမ်းများ ပြသထားရာ အကျိုးတူလုပ်ငန်းမှ ကျောက်စိမ်းရိုင်း အတွဲပေါင်း ၁၄၆ တွဲ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ကျောက်စိမ်းရိုင်းအတွဲ ၁၃၀၊ ကုမ္ပဏီ၊ အသင်း၊ ပုဂ္ဂလိကများမှ ကျောက်စိမ်းရိုင်းအတွဲ ၉၇၂ တွဲ ပြသရောင်းချသွား မည်ဖြစ်သည်။ ထို့ပြင် ကျောက်မျက်အတွဲပေါင်း ၃၁၈ တွဲ၊ မိုင်းရှူးကျောက်မျက်ရိုင်း ၇၆ တွဲ၊ လက်ဝတ် ရတနာပစ္စည်း ၁၂၀၇ မျိုး ပြသရောင်း ချသွားမည်ဖြစ်ပြီး ပုလဲအတွဲပေါင်း ၂၈၉ တွဲကိုလည်း ပြသရောင်းချသွား မည်ဖြစ်သည်။

(၄၁)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ ကျောက်မျက်များတွင် စိတ်ဝင်စားစရာနှင့် တန်ဖိုးအမြင့်ဆုံး

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးအား တွေ့ဆုံမေးမြန်းစဉ်။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

သည် မိုးကုတ် အာဘီဂျီ ကျောက်မျက်ကုမ္ပဏီက တင်ပြထားသည့် စကျင်ကျောက်တွင် စွဲဝင်နေသော ပတ္တမြားရိုင်းကြီး ဖြစ်သည်။ ပတ္တမြားရိုင်းပုံဆောင်ခဲကို ၂၀၀၂ ခုနှစ်က မိုးကုတ်ဘောက်ပဒါန်း(၂)မှ တူးဖော်ရရှိခဲ့သည်။ ပုံဆောင်ခဲ၏ အရွယ်အစားမှာ အလျား ၄၅ xအနံ ၄၀ နှင့် အမြင့် ၁၂၅ မီလီမီတာရှိပြီး အလေးချိန် ၁ဒသမ၀၃ ကီလိုဂရမ် (၅၆၅၀ကရက်) ရှိသည်။ ပတ္တမြားခဲ၏ ခန့်မှန်းခြေ အလေးချိန် ၁၈၀၀ ကရက်ရှိသည်။ ခရမ်းရောင်သန်းသည့် နီညိုရောင်ရှိပြီး လုံးချောအဆင့် သွေးယူနိုင်သော ပတ္တမြား အမျိုးအစားဖြစ်သည်။ အခြေခံဈေး ယူရိုငွေ ၅၀၀၀၀ သတ်မှတ်ထားသည်။

ပုလဲတွင် Lot No - 251အတွဲ ရွှေရောင်ပုလဲသည် တန်ဖိုးအမြင့်ဆုံး ဖြစ်သည်။ လုံးဝိုင်းပြီး ရွှေဝါရောင် ဖျော့ဖျော့ရှိပြီး အေ၊ ဘီ အမျိုးအစား ဖြစ်သည်။ အလုံးအဝိုင်းအရွယ်အစား ၁၃–၁၆ မီလီမီတာရှိပြီး ၇၃ဒသမ၂၅ မိုမီအလေးချိန်ရှိသည်။ ပုလဲလုံးအရေအတွက် ၆၉ လုံးပါရှိကာ ယူရိုငွေ ၂၂၃၀၀ အခြေခံဈေး သတ်မှတ်ထားသည်။ Lot No - 142 ငွေရောင်ပုလဲ အတွဲသည် ဒုတိယ ဈေးအမြင့်ဆုံးဖြစ်သည်။ အလုံးဝိုင်းဝန်းညီညာပြီး ငွေရောင်ဖြူ လွလွဖြစ်သည်။ မျက်နှာပြင် ညီညာလှပပြီး အကောင်းဆုံးအမျိုးအစား အေဖြစ်သည်။ ပုလဲလုံးအရွယ်အစား ၁၂–၁၅ မီလီမီတာရှိကာ ၃၃ဒသမ၂၅ မိုမီအလေးချိန်ရှိပြီး ယူရိုငွေ၂၀၂၀၀ အခြေခံဈေးသတ်မှတ်ထားသည်။

တန်ဖိုးအကြီးဆုံးကျောက်စိမ်း

ကျောက်စိမ်းတွင် Lot No-1057 သည် စိမ်းလဲ့ညိုပြီး တန်ဖိုးအကြီးဆုံးဖြစ်သည်။ ၈၇ ကီလိုဂရမ်လေးသော အတုံးနှစ်တုံးဖြစ်ပြီး ယူရိုငွေ ၁၈၁၀၀၀၀ အခြေခံ ဈေးသတ်မှတ်ထားသည်။ ရတနာခန်းမအပြင်ဘက်တွင် ပြသရောင်းချမည့်အသားကျောက်စိမ်း Lot No - 1228သည်လည်း လူတစ်ရပ်မကမြင့်မား၍ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ၂၈၀၀၀ ကီလိုဂရမ်လေးပြီး ယူရိုငွေ ၆၈၀၀၀၀ အခြေခံ ဈေးသတ်မှတ်ထားသည်။

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးအား မြန်မာ့အလင်းကတွေ့ဆုံမေးမြန်းရာ "အရည်အသွေးကောင်းမွန်သည့်ကျောက်မျက်၊ ကျောက်ချော၊ ကျောက်စိမ်းများကို ပြသထားပြီး သင့်တော်သည့်ဈေးနှုန်းသတ်မှတ်ထားသဖြင့် တစ်မူထူးခြားသည့် ပြပွဲဖြစ်ကြောင်း၊ ကျောက်စိမ်းအများအပြားကိုလည်း ပြသရောင်းချသွားမည်ဖြစ်ကြောင်း၊ လေယာဉ်ပတ်နှင့် ကိုက်ညီစီစဉ်ထားသဖြင့်လည်း တရုတ်ပြည်နှင့် ဟောင်ကောင်မှလာရောက်သော ရတနာကုန်သည်များ ပိုမိုများပြားစွာလာရောက်ကြကြောင်း။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပိုမိုတိုးတက်ရောင်းချနိုင်အောင် အစီအမံများလည်းပြုလုပ်လျက်ရှိကြောင်း၊ နှစ်စဉ် မတ်လနှင့် အောက်တိုဘာလ နှစ်ကြိမ် ရောင်းချရာမှ ဇွန်၊ ဇူလိုင်လများတွင်လည်း ထပ်မံ ရောင်းချသွားရန် စီစဉ်ထားကြောင်း၊ တစ်နှစ်တာပတ်လုံး ကြားဖြတ်ရောင်းချမှုများ အဆက်မပြတ်ပြုလုပ်လျက်ရှိကြောင်း။

ကျောက်စိမ်းဈေးကွက်ပေါ်ထွက်

ငြိမ်းချမ်းရေးရယူပြီးသည့် တိုင်းရင်းသားအဖွဲ့အစည်းများ ပူးပေါင်းပါဝင်လုပ်ကိုင်ခဲ့၍လည်းမြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ တိုးတက်လာကြောင်း၊ လုပ်ငန်းများကို ပိုမိုတိုးချဲ့ပြီးရောင်းချနိုင်ရေး၊ ၁၂ရာသီလုံး မြန်မာ့ကျောက်မျက်ကျောက်စိမ်းဈေးကွက် ပေါ်ထွန်းနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရတနာခန်းမဆောင်၏ဘေးရုံးချုပ်ဝင်းတွင် သီးခြားအဆောက်အအုံဆောက်လုပ်၍ ကွန်တိန်နာဖြင့်ကျောက်စိမ်းတုံးတင်ချသယ်ယူနိုင်အောင်စီစဉ်ထားကြောင်း"မြန်မာ့အလင်းသို့ရှင်းလင်းပြောကြားသည်။

တရုတ်ပြည်မှ ရတနာကုန်သည် Hong Guang Gu သည် များပြားလှသော ကျောက်စိမ်းတုံးများကို စိတ်ဝင်စားစွာကြည့်ရှုနေသဖြင့် မြန်မာ့ကျောက်စိမ်းတို့နှင့် ပတ်သက်၍ ထင်မြင်ချက်ကို မေးမြန်းရာ "မြန်မာနိုင်ငံသည်အကောင်းဆုံးသောကျောက်စိမ်းများ ထွက်ရှိရာဖြစ်ပြီး အများအပြားလည်း ထွက်ရှိသည်ကို သိရကြောင်း၊တရုတ်လူမျိုးတို့သည်ကျောက်စိမ်းကို အထူးနှစ်သက်ကြကြောင်း၊ မြန်မာ့ကျောက်စိမ်းကို ဈေးကွက်များသို့ ဖော်ထုတ်ရောင်းချနိုင်မည်ဆိုလျှင် ပိုမို အကျိုးရှိမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် တရုတ်၊ ဟောင်ကောင်တို့က ရတနာကုန်သည် အများအပြားလာရောက်ကြကြောင်း"ပြောကြားသည်။

ရတနာစီခြယ်

Romantic Jems Art & Jewellery ကုမ္ပဏီလီမိတက်၏ ကျောက်ကပ်ပန်းချီနှင့် ကျောက်စီအနုပညာ ပန်းချီကားချပ်များကို နိုင်ငံတကာ ရတနာကုန်သည်များက စိတ်ဝင်စားစွာကြည့်ရှုနေကြသည်။ ထိုစဉ်ကြည့်ရှုနေမှုနှင့် ပတ်သက်၍ Romantic မန်နေဂျင်းဒါရိုက်တာ ဦးစံမြို့အားမေးမြန်းရာ "ကျောက်ကပ်ပန်းချီကို အတော်စိတ်ဝင်စားကြကြောင်း၊ ရတနာကုန်သည် အတော်များများ ကြည့်ရှုကြကြောင်း၊ မြန်မာ့အနုပညာပန်းချီလက်ရာကို ဖော်ထုတ်ပြသနိုင်သကဲ့သို့လက်ရာမြောက်သည့် ရတနာစီခြယ်မှုကိုလည်း ပြသနိုင်ကြောင်း၊ မဟာဗန္ဓုလစစ်သူကြီးပုံကျောက်ကပ်ပန်းချီ ပြသနိုင်ခြင်းသည် အနုပညာကိုဖော်ထုတ်နိုင်သကဲ့သို့ ရဲစွမ်းသတ္တိကိုလည်း ဖော်ထုတ်ပြရာလည်းရောက်ကြောင်း" ပြောကြားသည်။

ရတနာဈေးကွက်ကျယ်ပြန့်လာ

ရွှေမိတ်ရတနာကုမ္ပဏီဒါရိုက်တာ ဦးခင်မောင်ဌေးနှင့်တွေ့ဆုံ၍ မြန်မာကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ မေးမြန်းရာ "မြန်မာနိုင်ငံသည် ရေမြေသယံဇာတများ ပေါကြွယ်ဝသကဲ့သို့ ရတနာအများအပြားလည်း ထွက်ရှိသော နိုင်ငံဖြစ်ကြောင်း၊ တန် ၃၀၀၀ ကျော်ရှိသည့် ကျောက်စိမ်းတုံး ပေါ်ထွက်သကဲ့သို့ ပတ္တမြားငမောက်ကဲ့သို့ ကျောက်မျက် ကျောက်ကောင်းများ ရှေးယခင်က ထွက်ရှိခဲ့ကြောင်း၊ ပုလဲဆိုလျှင်လည်း ကမ္ဘာတွင်ပင်အကြီးဆုံးပုလဲများလည်းထွက်ရှိကြောင်း၊ မြန်မာ့ကျောက်မျက် ကျောက်စိမ်း၊ ပုလဲစသည့် ရတနာအများအပြားထွက်ရှိ၍လည်း မြန်မာနိုင်ငံသည် ကမ္ဘာတွင် ထင်ရှားကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံက ထွက်ရှိသည့် ရတနာများကို ယခုကဲ့သို့ ကျောက်မျက်ရတနာပြပွဲများ ကျင်းပပြီး ရောင်းချခြင်းသည် ကောင်းမွန်ကြောင်း၊ တစ်ကြိမ်ထက် တစ်ကြိမ်၊ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာဈေးကွက် ပိုမိုကျယ်ပြန့်လာပြီး ထင်ရှားဝယ်သူများ

Romantic Jems Art & Jewellery ကုမ္ပဏီက ပြသရောင်းချလျက်ရှိသည့် စစ်သူကြီးမဟာဗန္ဓုလ ကျောက်ပန်းချီကား။ ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

လာရန် ဝိုင်းဝန်းကြိုးပမ်းသွားရမည်ဖြစ်ကြောင်း" ပြောကြားသည်။

ကမ္ဘာသိအောင်တင်ပြ

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ A.P.T.N ရုပ်မြင်သံကြားရိုက်ကူးရေး သတင်းထောက် Mr. Jerry Harmerသည် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲစတင်သည့် မတ် ၁၃ရက်ကပင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းအား တွေ့ဆုံ၍ ကျောက်မျက်ရတနာပြပွဲ ဈေးကွက်ရောင်းချမှုကို မေးမြန်းရုပ်မြင်သံကြားရိုက်ကူးပြီး မြန်မာ့ကျောက်မျက်ရတနာ ပြပွဲနှင့်ပတ်သက်၍သတင်းစာရှင်းလင်းပွဲ၌လည်း တက်ရောက်မေးမြန်းခဲ့သည်။

ထိုသို့မေးမြန်းရိုက်ကူး၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ကမ္ဘာကသိစေရန် တင်ပြသွားမည်ဖြစ်သည်။ မီဒီယာဖြင့် ကမ္ဘာကသိစေရန်တင်ပြနိုင်မှုသည် ပြပွဲ၏ထူးခြားမှု တစ်ခုဖြစ်သည်။

တစ်မူထူးခြား

ထို့ပြင် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် အရည်အသွေးကောင်းသော ကျောက်မျက်၊ ကျောက်စိမ်း၊ ပုလဲရတနာစသည်တို့ကို သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ပြသ ရောင်းချသွားမည်ဖြစ်ပြီး ရတနာကုန်သည် အများအပြားလာရောက်ကြရာ အားရစရာဖြစ်ပြီး ၁၂ လရာသီ မြန်မာ့ကျောက်မျက်ဈေးကွက် ထာဝရဖြစ်အောင်ကျင်းပသည့် ပြပွဲဖြစ်၍ တစ်မူထူးခြား စိတ်ဝင်စားဖွယ်ရာပင်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

စိမ်းလဲ့ညိုပြီး တန်ဖိုးအကြီးဆုံးဖြစ်သည့် ၈၇ ကီလိုဂရမ်လေးသည့် ကျောက်စိမ်းတုံးနှစ်တုံးကို တွေ့ရစဉ်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ကျောက်မျက်ရတနာပြပွဲ ရတနာကုန်သည်၈၀၄ဦးရောက်ရှိ ကျောက်မျက်ရတနာများကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ကျင်းပသော ၂၀၀၄ ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံပေါင်း ခြောက်နိုင်ငံ၊ ကုမ္ပဏီ ၁၄၃ ခုမှ ရတနာကုန်သည် ၄၀၃ဦးနှင့် ပြည်တွင်းကုမ္ပဏီ ၁၅၉ ခုမှ နိုင်ငံသားရတနာကုန်သည် ၄၀၁ ဦး စုစုပေါင်း ရတနာကုန်သည် ၈၀၄ဦး ရောက်ရှိနေကြပြီဖြစ်သည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ ရတနာကုန်သည်များသည် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ဒုတိယနေ့ ကြည့်ရှုစစ်ဆေးကြရာ ပြပွဲ ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲဆပ်ကော်မတီ အတွင်းရေးမှူးများက ကြိုဆိုနှုတ်ဆက်ကြပြီး လိုက်လံရှင်းလင်း ပြသ၍ လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးကြသည်။

မတ် ၁၅ ရက်တွင် ပြည်ပမှ ရတနာကုန်သည်များ ထပ်မံရောက်ရှိကြမည်ဖြစ်ပြီး (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ဆက်လက်ကြည့်ရှုကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မော်တော်ယာဉ်မသုံးစွဲရနေ့ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအားလှည့်လည်စစ်ဆေး

ရန်ကုန် မတ် ၁၄

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ကော်မတီဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲထောက်ချုပ်ရဲမှူးချုပ်ဝင်းမိုး၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးတင်ရွှေ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးခင်မောင်ထွန်း၊ တပ်မတော် တပ်ထိန်းတပ်(လေ) တပ်မှူး ဗိုလ်မှူးလှမြင့်ဦး၊ ဆည်မြောင်းဦးစီးဌာနနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ အတွင်းရေးမှူး၊ အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့သည် ယနေ့နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှုစစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။

နိုင်ငံတော်အစိုးရပိုင်မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များသွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏မော်တော်ယာဉ် သုံးစွဲခွင့်လက်မှတ်(Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဝိုးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိမရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

စာရေးကိရိယာပေးအပ်

ဆုတူးပန်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ ဦးဆောင်ပဓာနပြု၍ နွေရာသီအခြေခံ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၄ ရက်က ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက် ဖြဟ္မဝိဟာရကျောင်းမှော်ရုံ၌ကျင်းပရာဆုတူးပန်ဆရာတော် ဘဒ္ဒန္တပဏ္ဍိတက သင်တန်းသား သင်တန်းသူများအား စာရေးကိရိယာများ ဒါနပြုပေးအပ်စဉ်။

(မြန်မာ့အလင်း)

အနန္တဂုဏ်အင်ပူဇော်ကန်တော့ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၄

ရတနာသုံးပါးနှင့် အနန္တဂုဏ်အင်ကျေးဇူးရှင်များအား ရည်စူး၍အကြိမ်(၃၀)မြောက် ပုလဲရတု အထိမ်းအမှတ်ပူဇော်ကန်တော့ပွဲကို ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက်၌ ဧပြီ ၂ ရက်တွင် ကန်တော့ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ ဧပြီ ၃ ရက်တွင် သုစိတ္တာရုံစာသင်တိုက်၊ သာသနာ့ပါရဂူကျောင်းတိုက်၊ ဝေပုလ္လကျောင်းတိုက် လယ်တီကမ္မဋ္ဌာန်းကျောင်းတိုက်တို့မှ ပင့်သံဃာတော် ၄၅ ပါးအား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့် ပူဇော်ကန်တော့ပွဲကျင်းပခြင်း၊ ဧပြီ ၄ ရက်တွင် ပင့်သံဃာတော်အပါး ၁၀၀ အား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကာ ရေစက်ချတရား နာယူခြင်း အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

အမှန်တကယ်စားသုံးသူများအတွက်

ကျေနပ်မှုတွေဖြည့်ဆည်းနေမယ့်

စမ်းဖိုးဖိုက်

စားသောက်ဆိုင်

ရန်ကုန် လေဆိပ်လမ်းဆုံအနီး ဖုန်း ၀၁–၆၅၀၃၄၂

ရွှေမန္တလေး ဂျာနယ်

တစ်နှစ်ပြည့်အထိမ်းအမှတ်

အမှတ်(၅၂)ကိုဖြန့်ချိလိုက်ပြီ

မန္တလေးမြို့၏ တစ်စောင်တည်းသော ရွှေမန္တလေးဂျာနယ် အမှတ်(၅၂)တွင် .....

- မန္တလေးမြို့၏ နည်းပညာသတင်းများ၊
- စက်မှုဇုန်သတင်းများ၊
- ကုန်စည်ဒိုင်သတင်းများ၊
- အခြားစီးပွားရေး၊ လူမှုရေးစိတ်ဝင်စားဖွယ်သတင်းများအပြင်၊ အောင်(ဘူမိ)၊ သုမောင်၊ ကံချွန်၊ မန္တလာဘိုးဘိုး စသူတို့၏ သုတ၊ ရသဆောင်းပါး၊ ကာတွန်းတို့ပါဝင်ပြီး စေစေဆာဆာဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

ပြည်ပအလုပ်အကိုင်လျှောက်ထားလိုသူများအတွက်ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ရွှေအင်အားကုမ္ပဏီလီမိတက်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကိုရီးယားသမ္မတနိုင်ငံ K.F.S.M.B°°လက်အောက်ရှိ စက်ရုံအလုပ်ရုံများတွင် သင်တန်းသားလုပ်သားများအဖြစ်လုပ်ကိုင်ရန် အသက်(၂၀)နှစ်ပြည့်ပြီး (၄၀)နှစ်ထက် မကျော်လွန်သော မြန်မာနိုင်ငံသား(အမျိုးသား)များ အလိုရှိပါသည်။

၂။ လိုအပ်သည့်အရေအတွက်၊ လုပ်ခ၊ ခံစားခွင့်နှင့် ဝန်ဆောင်စရိတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က)	အလုပ်အကိုင်အမျိုးအစားနှင့် လိုအပ်သည့်အရေအတွက်	သင်တန်းသားအလုပ်သင် အလုပ်သမားများ ၂၁၈၀ ဦး
(ခ)	လိုအပ်ချက်	ကျန်းမာသန်စွမ်းရမည်၊ တာဝန်ကျသည့် မည်သည့်စက်ရုံတွင်မဆို လုပ်ကိုင်နိုင်ရမည်။
(ဂ)	အခြေခံလစာ	တစ်လလျှင် ကိုရီးယားသမ္မတနိုင်ငံသုံးဝမ် ၅၆၇၂၆၀ (အမေရိကန်ဒေါ်လာ ၅၀၀)ခန့်
(ဃ)	အချိန်ပို	တစ်ပတ်လျှင် ၁၂ နာရီ (၁ဒသမ၅)ဆနှုန်း
(င)	အလုပ်ချိန်	တစ်နေ့ (၈) နာရီ
(စ)	အစားအသောက်နှင့် နေရာထိုင်ခင်း	အလုပ်ရှင်မှ စီစဉ်ပေးမည်။
(ဆ)	စာချုပ်သက်တမ်း	သင်တန်းသားလုပ်သားအဖြစ် တစ်နှစ်၊ အလုပ်သမားအဖြစ် နှစ်နှစ် စုစုပေါင်း သုံးနှစ်
(ဇ)	ဝန်ဆောင်စရိတ်	မြန်မာကျပ်ငွေ ခုနစ်သိန်းတိတိ
(ဈ)	ရွေးချယ်စေလွှတ်မှုစနစ်	အရည်အချင်းပြည့်မီသော လျှောက်လွှာများကို ကိုရီးယား သမ္မတနိုင်ငံရှိ K.F.S.M.B° မှ ကွန်ပျူတာ စနစ်ဖြင့် ရွေးချယ်ပြီး အရွေးချယ် ခံရသူများကိုသာ စေလွှတ်မည်။ ရွေးချယ်ခံရသူများသည် မြန်မာနိုင်ငံမှ မထွက်ခွာမီ လုပ်ငန်းခွင်သုံးအခြေခံ ကိုရီးယားဘာသာစကားနားလည်အောင် သင်ကြားရမည်။

၃။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ် အလုပ်သမားရုံးများနှင့် ကျန်ပြည်နယ်၊တိုင်းများရှိ ပြည်နယ်၊ တိုင်းအလုပ်သမားရုံးများတွင် ၂၀၀၄ ခုနှစ် ဧပြီ ၇ ရက် ၁၆:၃၀ နာရီမတိုင်မီ တင်သွင်းရမည်။

၄။ အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါ ပြည်နယ်၊ တိုင်းနှင့် မြို့နယ် အလုပ်သမားရုံးများတွင် စုံစမ်းသိရှိနိုင်ပါသည်။

အိပ်ချ်အိုင်ဗွီ–အေအိုင်ဒီအက်စ် ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်းကျင်းပမည်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် Total E and P Myanmar တို့ ပူးပေါင်းဆောင်ရွက်သော "Seminar on Prevention & Management of HIV/AIDS for Health Care Provider "သင်တန်းကို မတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ တက်ရောက်လိုသော ဆရာဝန်များသည် မတ် ၁၅ ရက်တွင် ရုံးချိန်အတွင်း မြန်မာနိုင်ငံဆရာဝန်အသင်း၌ မှတ်ပုံတင်နိုင်ကြောင်းနှင့် သင်တန်းသားဦးရေ ကန့်သတ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ် ၃၂ ရောဝတီလမ်း ဌာနာရပ်ကွက် အလုံနေ ဦးတင်ဝင်း–ဒေါ်ယဉ်ယဉ်က အလှူငွေကျပ် ၁၀၀၀၀၀ ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း အပိုင်း ၁၆/၂ သဃ်န်းကျွန်းရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ပေးအပ်လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင် သရုပ်ဆောင်)က လက်ခံယူစဉ်။ (က–ပ)

မူလတန်းအဆင့်သင်ယူပြီးမြောက်မှု ဗဟန်းအမက(၃)တွင်လက်မှတ်ချီးမြှင့်

ရန်ကုန် မတ် ၁၄

အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ဗဟန်းမြို့နယ် အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း မူလတန်းအဆင့် ပညာသင်ယူ ပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် မိဘ ဆရာအသင်းဝင်များ၊ ကျောင်းအုပ် ဆရာကြီးနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ တက်ရောက်လာသူများက နိုင်ငံတော်သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာကြီး ဦးကြည်ဝင်းမောင်က အမှာစကားပြောကြားသည်။

ဂုဏ်ပြုသီဆို

ထို့နောက် ၂၀၀၃–၂၀၀၄ ခု ပညာသင်နှစ် စတုတ္ထတန်း တက်ရောက်ပြီးသူ ကျောင်းသား ကျောင်းသူကလေးများအား ကျောင်းအုပ်ဆရာကြီးက မူလတန်းအဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ်များချီးမြှင့်ပြီး **(အပေါ်ပုံ)**ကျောင်းသား ကျောင်းသူကလေးများက 'ပန်းများဝေစည်ပွင့်နေပြီ' သီချင်းကို သံပြိုင် ဂုဏ်ပြုသီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(က–ပ)

ဟသ်ာတမြို့နယ် အုတ်ပုံရွာ အလယ်တန်း ကျောင်းခွဲဖွင့်ပွဲကျင်းပ

ဟသ်ာတ မတ် ၈

ဧရာဝတီတိုင်း အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဖေသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက် နံနက်က ဟသ်ာတမြို့နယ် ကညင်ငူ ကျေးရွာအုပ်စု၊ အုတ်ပုံရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းအခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးရဲဖေ၊ ခရိုင်ပညာရေးမှူး ဦးခင်မောင်ရီနှင့် ကျောင်းအကျိုးတော်ဆောင် ဦးသန်းငွေ တို့က အမှာစကားပြောကြားကြသည်။ထို့နောက် အခြေခံ ပညာအလယ်တန်းကျောင်းခွဲအား တိုင်းအခြေခံပညာဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဖေ၊ မြို့နယ်ပညာ ရေးမှူးဦးစိုးမြင့်နှင့် ကျောင်းအကျိုးတော်ဆောင် ဦးသန်းငွေ တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ခရိုင် ပြန်/ဆက်)**

အမှာစကားပြော

ဖေဖော်ဝါရီ၂၈ရက်က သာယာဝတီမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးတွင် ပဲခူးတိုင်းမိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီနာယက ဒေါ်စဝ်နွန်းခွန်ဆမ်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီဝင်များ တွေ့ဆုံပွဲ အခမ်းအနားတွင် တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းကြီးကြပ်မှု ကော်မတီနာယက ဒေါ်စဝ်နွန်းခွန်ဆမ် အမှာစကား ပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

ယာဉ်စည်းကမ်းဖောက်ဖျက်သူများ ပဲခူးမြို့တွင် စစ်ဆေးအရေးယူ

ပဲခူး မတ် ၆

ပဲခူးမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဖေဖော်ဝါရီ ၁ ရက်ကစတင်၍ ယာဉ်စည်းကမ်း ဖောက်ဖျက်သူများအား စစ်ဆေးအရေးယူလျက်ရှိသည်။

အရေးယူအပြစ်ပေး

အထူးသဖြင့် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရမည်ဖြစ်ပြီး ဆိုင်ကယ်၏ရှေ့နှင့်နောက်တွင်လည်း နံပါတ်ပြား တပ်ဆင်ထားရမည်ဖြစ်သည်။ ယာဉ်မောင်းလိုင်စင်ကိုလည်း ကိုယ်နှင့်မကွာ ပါရှိရမည်ဖြစ်ပြီး ပျက်ကွက်မှုရှိပါက မြို့နယ်စည်ပင်သာယာရေးရုံး၌ တရားရုံးဖွင့်လှစ်ထားရှိ၍ ဒဏ်ငွေတပ် အရေးယူအပြစ်ပေးလျက်ရှိသည်။

(၁၇၃)

ဖဲကြိုးဖြတ်ဖွင့်

ဖေဖော်ဝါရီ ၂၉ ရက်က ဒိုက်ဦးမြို့နယ် ဖအောင်ဝဲကျေးရွာ အုပ်စုတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ငွေကျပ် ၂၅သိန်း ကျော်တန် ကိုယ့်အားကိုယ်ကိုး ကွင်းချောင်း တံတားသစ် ဖွင့်ပွဲ အခမ်းအနားကျင်းပရာ တံတားသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

အုတ်တွင်းမြို့နယ်၌ ကျန်းမာရေးပညာပေးဟောပြော

အုတ်တွင်း မတ် ၇

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့်အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက်က အုတ်တွင်းမြို့နယ် ကျွဲပွဲ အခြေခံပညာ အထက်တန်းကျောင်း၌ကွင်းဆင်း ဆေးကုသခြင်းနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောခြင်းများဆောင်ရွက်ကြသည်။

ပညာပေးဟောပြော

အခမ်းအနားတွင် တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်သန်းက ကျန်းမာရေးပညာပေး ဟောပြောသည်။

ဆေးဝါးလှူဒါန်း

အထူးကုဆရာဝန်ကြီး ၁၂ ဦးတို့က ကျွဲပွဲဒေသမှ လူနာ၇၈၁ ဦးအား အခမဲ့စမ်းသပ်ကုသပြီးဆေးဝါးများထောက်ပံ့ရန် ပဲခူးတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှု ကော်မတီမှ ကျပ်တစ်သိန်းတန်ဖိုးရှိ ဆေးဝါးများ လှူဒါန်းခဲ့ကြောင်းသိရသည်။ **(၂၈၁)**

မြန်မာ့အသံ

၁၆-၃-၂၀၀၄
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်တရားတော်

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ပြည်တွင်းဖြစ်မော်တော်ယာဉ်ထုတ်လုပ်ရေး၏ အလားအလာကောင်းများအကြောင်း-အပိုင်း-၁)
၁၁:၃၀ မြန်မာ့မှုဟန် ဇာတ်မာန်ဟောပြောချက် (ဇာတ်မာန်စာ၏ မြန်မာ-ညွန့်ဟံ-ကြူတော)
၁၂:၀၀ သူ့အတွေးနှင့်သူ့အရေး (မျှော်မြင်တတ်ခြင်းနှင့် ပတ်သက်၍ ဦးလှမင်း)
၁၂:၂၀ တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်းပမာ (ပြုံးသူမှာမျက်ရည်စတွေနဲ့)
၁၂:၄၅ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (မျိုးချစ်ဇာတိမာန်စာဆို)

ညနေပိုင်း

၁၆:၂၀ ကျေးလက်ဇာတ်လမ်း (ကြံကိုကြံဖြင့်ကြံကြစို့)
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၀ ကမ္ဘာ့ဂီတ
၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားအသိပညာပေးခြင်းဆိုင်ရာ လုပ်ငန်းများ) ဦးဉာဏ်ထွန်း(ညွှန်မှူး-အား/ကာ)
၁၇:၅၀ သောတရှင်အတွက်ပြန်ကြားချက်
၁၈:၁၅ မျက်မှောက်ရေးရာဆွေးနွေးစရာ
၁၉:၁၅ ကျန်းမာရေးနှင့်ဆေးပညာ (မျက်စိကျန်းမာရေးနှင့် အမြင်သန့်စွမ်းရေး)
၁၉:၃၀ (၅၉)နှစ်မြောက်တပ်မတော်နေ့ တေးသီချင်းဆုရသူများနှင့် ဆွေးနွေးခန်း(စစ်ချီ)
၂၀:၃၀ တပ်မတော်နေ့ဂုဏ်ပြု (ကလေးများ၏သီချင်းဆိုပြိုင်ပွဲ)

အမြို့မြို့ အနယ်နယ် သတင်းများ

မိုးကုတ်မြို့၌ ဝိပဿနာတရားပွဲ ကျင်းပမည်

မိုးကုတ် မတ် ၁၂

မန္တလေးတိုင်း မိုးကုတ်မြို့ အုံ့မခန်းတောင်ကျောင်းတိုက်တွင်(ဧပြီ ၁ရက်မှ ၈ရက်အထိ)သတိပဋ္ဌာန် ဝိပဿနာ(၇)ရက် အဓိဋ္ဌာန်တရားပွဲကို တန့်ကြည့်တောင် ရန်အောင်ချမ်းသာ ဆရာတော် ဘဒ္ဒန္တ သောမဗုဓိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က တရားတော်များ ဟောကြားပြသမည်ဖြစ်ရာ တရားအဓိဋ္ဌာန်ဝင်လိုသူများသည် မတ် ၂၁ ရက် နောက်ဆုံးထား၍ ထေရဝါဒဗုဒ္ဓသာသနာပြုအဖွဲ့ အုံ့မခန်းတောင် မိုးကုတ်မြို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မတ် ၂ ရက်က ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပျော်ဘွယ်မြို့ ရန်အောင်လမ်းဆုံရှိ ရေမြောင်းအား အမှိုက်သရိုက်များနှင့် ရေဆိုးများမရှိစေရန် သန့်ရှင်းရေး ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးစိုးဝင်းကျော်က ကြပ်မတ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဒေးဒရဲမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ဒေးဒရဲ မတ် ၁၂

ဒေးဒရဲမြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၇ရက်က မြို့နယ်အားကစားကွင်းသစ်၌ကျင်းပသည်။

အနိုင်ရဗိုလ်စွဲ

ပြိုင်ပွဲသို့ ကျေးရွာအုပ်စုဘောလုံးအသင်း၁၈သင်းပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲတွင် တညင်ကုန်းကျေးရွာအုပ်စုဘောလုံးအသင်းက ချောင်းဖျားကျေးရွာအုပ်စုဘောလုံးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆုချီးမြှင့်

ထို့နောက် ဆုပေးပွဲအခမ်းအနားဆက်လက်ကျင်းပရာ ပထမရရှိသည့် တညင်ကုန်းကျေးရွာဘောလုံးအသင်းအား ဆုဖလားနှင့်ငွေကျပ်တစ်သိန်းကို မြို့နယ်ဥက္ကဋ္ဌဦးထိန်လင်းက ပေးအပ်ချီးမြှင့်ပြီး ဒုတိယဆုရ ချောင်းဖျားကျေးရွာအုပ်စု၊ တတိယဆုရ တော်ကျိုက်ကျေးရွာဘောလုံးအသင်းများနှင့် အကောင်းဆုံးဆုရ ဘောလုံးသမားများအား တာဝန်ရှိသူများက ဆုများ ပေးအပ် ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပေးအပ်

မတ် ၉ ရက်က ပြည်မြို့ ကျောင်းကြီးရပ် အခြေခံပညာ မူလတန်းကျောင်း ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်းဆင့် ပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ စတုတ္ထတန်းမှ မဥဖုဒေဝီအား ကျောင်းအုပ်ဆရာကြီး ဦးတိုးဆွေက ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။ (၄၀၃)

ဖဲကြိုးဖြတ်ဖွင့်

ဖေဖော်ဝါရီ၁၂ရက်က ကျိုင်းတုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး ဖွင့်ပွဲကျင်းပရာ ခရိုင်အသင်း အတွင်းရေးမှူး ဦးစိုင်းလုံးရှဲန်နှင့် မြို့နယ်အသင်း အတွင်းရေးမှူး ဦးစိုင်းဟွမ်နွဲ့တို့ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်အဆင့်နှင့် လျော်ညီစွာ ဖြည့်ဆည်းပေးထား ပြည်သူများ၏ လိုအပ်ချက်ကို သိရှိနားလည်ကာ မြို့နယ်ဖွံ့ဖြိုးရေး အားကြိုးမာန်တက်ဆောင်ရွက်

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် စစ်ဦးစီးဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးတို့နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ တိုင်းအဆင့် ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အထူးကုဆရာဝန်များလိုက်ပါလျက် မတ်၁၂ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ကြိုဆို

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် နံနက် ၈ နာရီတွင် မြန်မာ့လေကြောင်း ခရီးဖြင့် ကိုကိုးကျွန်းလေဆိပ်သို့ ရောက်ရှိလာရာ ကိုကိုးကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကောဝိဒစာရနှင့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား ဖူးမြော်ကြည်ညိုကြသည်။

တက်ရောက်ချီးမြှင့်

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့နယ် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေး ချီးမြှင့်သည်။

ထို့နောက် ကိုကိုးကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းက ကိုကိုးကျွန်းမြို့နယ် မီးသတ်တပ်ဖွဲ့ စခန်းတည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး မြင့်ထွန်းနှင့် ကိုကိုးကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က ကိုကိုးကျွန်းမြို့မီးသတ်တပ်ဖွဲ့စခန်းကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့နယ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းသို့ ရောက်ရှိပြီး တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းတို့က ကိုကိုးကျွန်း ရဲတပ်ဖွဲ့စခန်းကို ကြည့်ရှုစစ်ဆေးပြီး ရဲတပ်ဖွဲ့စခန်းအတွက် လက်ဆောင်ပစ္စည်းများပေးအပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်မြိုင်က လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်းအိတ်ချိန်းရုံး၊ စာတိုက်နှင့် ကြေးနန်းရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဆက်သွယ်ရေးလုပ်ငန်းများ အစဉ်ကောင်းမွန်စေရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးကြည့်ရှုစစ်ဆေးကုသပေးနေမှု၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ ဆေးပစ္စည်းစတိုခန်း၊ ခေတ်မီစက်ကိရိယာဖြင့်သွားရောဂါကုဌာနနှင့် လူနာဆောင်နှင့် သားဖွားဆောင်တို့ကို ကြည့်ရှုစစ်ဆေးရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတို့က လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကိုကိုးကျွန်းမြို့အား သောက်သုံးရေပေးဝေလျက်ရှိ သည့် ရေဂါလန် ၄၈ သန်းဆံ့ ရေလှောင်တမံနှင့် သန့်ရှင်းသည့် သောက်သုံးရေတို့အား ပိုက်နှင့်ဖြန့်ဝေပေးလျက်ရှိသည့် ရေစင်အပြင် ရေဂါလန် ၁၂၀၀၀ ဆံ့ သံကူကွန်ကရစ်ရေစင် တိုးချဲ့ဆောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများစံချိန်စံညွှန်းမီဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ကိုကိုကျွန်းမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူ များ၊လူမှုရေးအသင်းအဖွဲ့များ၊ဒေသခံပြည်သူ များအားတွေ့ဆုံသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တောင်ပိုင်း ခရိုင် ကိုကိုးကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေး ကဏ္ဍ၊လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့်သန့်ရှင်းသည့် သောက်သုံး ရေရရှိရေး လုပ်ငန်းများကို မြို့နယ်အဆင့်နှင့်လျော်ညီအောင် ဖြည့်ဆည်းဆောင်ရွက် ပေးထားကြောင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိတို့ တာဝန်ကျရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက် များကို သိရှိနားလည်ကာ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ကိုကိုး ကျွန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အားကြိုးမာန်တက် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ စေတနာထားကာ ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ရှင်းလင်းပြော ကြားသည်။ **(အောက်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ကိုကိုကျွန်းမြို့ နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များအား အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီနာယက ဒေါ်ခင်သက်ဌေးက ကိုကိုးကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များအား ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ဌေးဌေးက မိသားစု ဝင်ငွေတိုးလုပ်ငန်း များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လက်ခံရယူ

ထို့နောက် ကိုကိုးကျွန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ငွေကျပ်ငါးသောင်းနှင့်ထောက်ပံ့ပစ္စည်းများကို ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင် လင်းမြင့်ကလည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီက ငွေကျပ်ငါးသောင်းကိုလည်းကောင်း ပေးအပ်ရာ ကိုကိုကျွန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက် ဌေးက ကိုကိုးကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား တွေ့ဆုံပြီး အမှာ စကား ပြောကြားပြီး ကိုကိုးကျွန်းအမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ် လေးသိန်း ငါးသောင်းတန်ဖိုးရှိ ဝတ်စုံ ၂၀၊ ဗလာစာအုပ် ၁၀ ဒါဇင်၊ ဘောလ်ပင် ၁၀ ဒါဇင်၊ ကွန်ပါဘူး ၁၀၀၊ မုန့်ချိုတိုင်းရင်း ဆေး ၈၃၂၇ ဘူး၊ ဂျာနယ်၊ မဂ္ဂဇင်းမျိုးစုံ တို့ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

မတ် ၆ ရက်က မင်္ဂလာဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ ဥပဒေများရှင်းလင်းပွဲ အခမ်းအနားကို အထက (၁) မြရောခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီ အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဓမ္မရက္ခိတစာသင်တိုက် ဒုလ္လဘရဟန်းခံပွဲ

ရန်ကုန် မတ် ၁၄

မော်လမြိုင်မြို့ ဈေးချိုတောင် ဝိုင်းရပ်ကွက် ဓမ္မရက္ခိတ စာသင်တိုက် (၅)ကြိမ်မြောက် စုပေါင်းဒုလ္လဘရဟန်း ခံရှင်ပြု သီလရှင်ဝတ်ပွဲကို ဧပြီ ၃ ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများ၊ ဒုလ္လဘဝတ်လိုသူများ သည် နယ်လှည့်သာသနာပြု လူမှုထူး ချွန်(ဒုတိယဆင့်)မော်လမြိုင်တောင် ဝိုင်းဆရာတော် ချင်းတွင်းအရှင် ကလျာဏထံ စာရင်းပေးသွင်းနိုင်ကြ ကြောင်း သိရသည်။ (က-ပ)

အမှတ် ၅၀ လမ်းမတော်လမ်း လသာမြို့နယ်နေ ဦးအောင်ခိုင်-ဒေါ်မေချယ်ရီမိသားစုက အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်း မြို့နယ်ရှိနာရေးကူညီမှုအသင်း ရန်ကုန်သို့ လာရောက်လှူဒါန်းရာ ဘဏ္ဍာရေးအဖွဲ့ဝင် ဒေါ်ဒေဝီခင်က လက်ခံရယူစဉ်။ (က-ပ)

မဟာသရဏာဂုံတော်ကြီးနေ့ ဓမ္မပူဇာ

ရန်ကုန် မတ် ၁၄

မုံရွာမြို့ လယ်တီဆရာတော်ကြီးသည် မဟာသရဏာဂုံတော်ကြီးကို ၁၂၇၉ ခု တန်ဆောင်မုန်းလဆန်း ၁ ရက်မှစ၍ ကြီးတွင်းကြီး တောရအရပ်တွင် ရွတ်ပွားပူဇော်တော်မူခဲ့ရာ ၁၂၈၀ ပြည့်နှစ် တပေါင်းလကွယ်နေ့တွင် အကြိမ်ပေါင်း ၂၁၁၆၈၀၀ မျှ ပူဇော် အောင်မြင်တော်မူခဲ့သည်။

သို့ဖြစ်ရာ တပေါင်းလကွယ်နေ့ကို မဟာသရဏာဂုံတော်ကြီးနေ့ အဖြစ် သတ်မှတ်၍ နဝမလယ်တီဆရာတော် ဦးဆောင်ကာ ဓမ္မပူဇာများကျင်းပ ပူဇော်လျက်ရှိသည်။ ရန်ကုန်မြို့ ကိုးထပ်ကြီးဘုရား နဝဂုဏဗုဒ္ဓမာမက သာသနာပြုပါရမီရှင်များ မတ် ၂၀ ရက် (တပေါင်းလကွယ်နေ့) တွင် လယ်တီမဟာသရဏာဂုံတော်ကြီးဖြင့် ဓမ္မပူဇာကျင်းပမည်ဟု သိရသည်။ (က-ပ)

မင်္ဂလာဒုံမြို့နယ် အထက(၁)၏ ၂၀၀၃-၂၀၀၄ပညာသင်နှစ် အခြေခံပညာဆင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို မြရောခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစန်းဝင်းက ကျောင်းသားတစ်ဦးအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

အောင်သုခမ္မာရုံတွင် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းမည်

ရန်ကုန် မတ် ၁၄

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၉)ရပ်ကွက် အပိုင်း(၃) စဝ်စံထွန်းလမ်း အောင်သုခမ္မာရုံရှိ အလိုတော်ပြည့် အောင်ဇိဏဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်၏ (၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို အကျိုးတော်ဆောင်လူကြီးများက နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကိုဆင်ယင်ကျင်းပမည်ဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော်တွင် တရားတော်များ ဟောကြားမည်ဖြစ်ရာ မတ်၂၀ရက်ညတွင် ဘဒ္ဒန္တသုစိတ္တဉာဏ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊မတ်၂၁ ရက်တွင် ဘဒ္ဒန္တ ရေဝတအကျော်ပရိယတ္တိစာသင်တိုက်၊ မတ်၂၂ရက်တွင် အောင်ပရိယတ္တိစာသင်တိုက်ဆရာတော်၊ မတ် ၂၃ရက်တွင် ဦးတေဇဝန္တ နယ်လှည့်ဓမ္မကထိက သာယာကုန်းဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်သည်။ (က-ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၉မိုင်၊
ရွှေနှင်းဆီလမ်း အမှတ် ၈၆(A)နေ
ဒေါက်တာ ဦးမြင့်ဦး(တီးတိန်ဆေးရုံမှူး)-ဒေါ်နှင်းနှင်းရီ
တို့၏ တစ်ဦးတည်းသောသား

မောင်လမင်းမောင် B.Sc (Maths)

နှင့်

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဆက်သွယ်ရေးအရာရှိရိပ်သာ
ဗိုလ်ဆွန်ပက်လမ်း အမှတ် ၁၁၇နေ
ဦးတင်မြင့်(အင်ဂျင်နီယာမှူး၊မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)-
ဒေါ်တင်တင်သိန်း(မြန်မာ့အာမခံလုပ်ငန်း)
တို့၏သမီး

မပြည့်ပြည့်တင်မြင့် B.Sc (Physics)

တို့သည် နှစ်ဖက်မိဘဆွေမျိုးများရှေ့မှောက်၌ ၁၄-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) Mr.Poem Reasurant တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်လမင်းမောင်-မပြည့်ပြည့်တင်မြင့်။



(၅၉)နှစ်မြောက်တပ်မတော်နေ့ကိုဂုဏ်ပြုလျက်
မြန်မာအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်၏ပံ့ပိုးမှုဖြင့်
ဗိုလ်ကလေးတင့်အောင်နှင့်ဂီတလုလင်မောင်ကိုကိုတို့ဦးစီး၍
စန္ဒရားပညာရှင်ကြီးများစုစည်းတင်ဆက်သည့်

ဂီတနန္ဒဝန်

စန္ဒရားပဒေသာပွဲကြီး

အချိန် - ည(၇)နာရီတိတိ
နေ့ရက် - ၂၀၀၄ခုနှစ် မတ် ၁၉၊၂၀နှင့် ၂၁ ရက်
နေရာ - အမျိုးသားကဇာတ်ရုံ၊မြို့မကျောင်းလမ်း၊ရန်ကုန်မြို့

(ကြိုတင်လက်မှတ်စတင်ရောင်းချနေပါပြီ)

ကြိုတင်လက်မှတ်ရောင်းချမည့်နေရာ - နေပြည်တော် အဆင့်မြင့်ရုပ်ရှင်ရုံနှင့် ချမ်းသာစာပေတိုက်၊ အမှတ် ၁၂၀၊ ၃၄လမ်း(အလယ်)၊ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့် ခန့်ထားရန်)

(၁) (Sales and Marketing Manager) ကျား၊မ ၁ ဦး
ဘွဲ့ရ၊အရောင်းနှင့်ဈေးကွက်အတွေ့အကြုံအနည်းဆုံးသုံးနှစ်၊ အသက်(၃၅)နှစ်အောက်၊အချိန်မရွေး နယ်ခရီးသွားနိုင်သူဖြစ်ရမည်။

(၂) (Marketing Assistant) ကျား၊မ ၂ ဦး
ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်၊ (Marketing)လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ အချိန်မရွေးနယ်ခရီးသွားနိုင်သူဖြစ်ရမည်။

စိတ်ပါဝင်စားသူတိုင်းဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ သက်ဆိုင်ရာအထောက်အထား စာရွက်စာတမ်းများ အပြည့်အစုံပူးတွဲ၍ အောက်ပါလိပ်စာသို့ ဤကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

POLYMER Co., Ltd.
တိုက် ၁၊ အခန်း ၃၊ အနော်ရထာအိမ်ရာ၊
ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	**12(T)31/MR(MC) 2003-2004**	(1)Coil Spring Chart No. 89	3000-Sets
		(2)Coil Spring Chart No. 90	3000-Nos
		(3)Coil Spring Chart No.106	3000-Sets

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်- ၃၀-၄-၂၀၀၄ (သောကြာနေ့) ၁၂:၀၀ နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန်-၃၀-၄-၂၀၀၄(သောကြာနေ့)၁၄:၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၁၅-၃-၂၀၀၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅၊ လိုင်းခွဲ-၆၀၂၊ ၆၀၅၊ ၆၁၂

အကြောင်းကြားစာ

ရန်ကုန်တိုင်းတရားရုံး

၂၀၀၄ခုနှစ် တရားမအထွေထွေမှုအမှတ် - ၃၅

ဒေါ်မြမြအုန်း အမှတ် ၈၇၊ ဗိုလ်စောပုလမ်း သရက်တော မြောက်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။ **လျှောက်ထားသူ။**	**နှင့်**	ဒေါ်သီဂိဝင်း အမှတ် ၁၄၄၊ ဦးရွှေမှန်လမ်း ဝေဠုဝန်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။ **လျှောက်ထားခံရသူ။**

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ အရ ရယူထားသော အမွေထိန်းစာအား အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၆၃ အရ ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း

လျှောက်ထားခံရသူ ဒေါ်သီဂိဝင်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

အထက်အမည်ပါလျှောက်ထားသူမှ ကွယ်လွန်သူဒေါ်ကြိုင်ပိုင် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ အကွက်ဖ်၂နှင့် မြေကွက်အမှတ်-၆၃၊ ဧရိယာအားဖြင့် ဝ ဒသမ ဝ၂၆ ဧကရှိ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော မြောက်ရပ်ကွက်၊ ဗိုလ်စောပုလမ်း၊ အမှတ် ၈၇ ဟုခေါ်တွင်သော မြေနှင့် အိမ်တို့နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းတရားရုံး တရားမ အထွေထွေမှုအမှတ် ၃၂၇/၉၉ တွင် လျှောက်ထားခံရသူ ဒေါ်သီဂိဝင်းက အမွေထိန်းလက်မှတ်စာ ထုတ်ယူသွားသဖြင့် ၎င်းအမွေထိန်းလက်မှတ်စာကို ပယ်ဖျက်ပေးပါရန် ဤရုံးသို့ လျှောက်ထားသည်ဖြစ်၍ ၎င်းလျှောက်လွှာကို ၂၀၀၄ ခုနှစ် မတ်လ ၃၀ ရက် (၁၃၆၅ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်) နံနက် ၉:၃၀ နာရီတွင် အထက်ရေးသားပါရှိသူ လျှောက်ထားသူစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် အမှုအား ဆက်လက်စစ်ဆေးသွားမည်။ ၎င်းပြင် လျှောက်ထားသူက ကြည့်ရှုလိုသော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

၂၀၀၄ ခုနှစ် မတ်လ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးညွန့်
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းတရားရုံး။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏ သားဖြစ်သူ မောင်အောင်မျိုး နိုင်ငံသားစိစစ်ရေးကတ်၁၄/ပတန(နိုင်)၀၀၀၇၅၆ သည် မိဘများကို အကြိမ်ကြိမ် စိတ်ဆင်းရဲ အောင်ပြုလုပ်၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဖခင်-ဦးဖိုးချမ်း
မိခင်-ဒေါ်သန်းသန်းမေ
ပန်းတနော်မြို့။

အမည်ပြောင်း

ဦးလှတင်၏သမီး မဝေလွင်လွင်ခိုင် နိုင်ငံသား စိစစ်ရေးကတ် ၅/ဆလက (နိုင်) ၀၆၆၀၃၇ အား မသဇင်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မသဇင်ခိုင်။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၅၅၈၇ မော်တော်ယာဉ်လက်ဝယ်ရှိသူက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း**



မတ်၆ရက်ကအဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ် ဆက်ကပ်ခြင်းခံရသည့် တောင်တွင်းကြီးမြို့ ရတနာပင်စည်ဘုရားကြီး တပ်ဦးကျောင်း(ပင်စည်မိုးကောင်းရိပ်သာ) ဆရာတော် ဘဒ္ဒန္တဉာဏသလ္လအား တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)က ထပ်ဆင့်ချီးကျူးပူဇော်ပွဲကို ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ရှိ စာရင်းစစ်ဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်(ငြိမ်း)နှင့် အမှုဆောင်များက ဆရာတော်ကြီးနှင့် ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ဇေယျာပူရ ပရိယတ္တိစာသင်တိုက်တာဝန်ခံ ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပညာသာမိအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မတ်၇ရက်က ကျောက်တန်းမြို့ ရွှေမှော်ဝန်းသာသနာ့ဗိမာန်၌ ကျင်းပစဉ်။ (က-ပ)

စည်ပင်သာယာရေးလုပ်ငန်းများစနစ်တကျရှိရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်

ရန်ကုန် မတ် ၁၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် မတ်၁၂ရက် နံနက်၁၁နာရီက မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည့် ကော်မတီဝင်များ၊ ဌာနမှူးများနှင့် အုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

မြို့တော်ဝန်က မှာကြားရာတွင် စည်ပင်သာယာလုပ်ငန်းများ ဆောင်ရွက်ရာ၌ စနစ်တကျရှိစေရေးအတွက် အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားကြရန်၊ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာ၌ ပြေပြစ်ချောမောစွာဖြင့် စေတနာထားဆောင်ရွက်ကြရန်၊ မြို့နယ်များ၌ ယခုထက်ပိုမို သန့်ရှင်းသပ်ရပ်လှပစေရေးတို့အတွက် အထူးကြိုးပမ်းဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။

ထို့နောက် ဌာနမှူးများ၊ ခရိုင်နှင့်မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် စည်ပင်သာယာလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေ တင်ပြချက်များနှင့် စပ်လျဉ်း၍ မြို့တော်ဝန်က ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့သစ်(၈)ရပ်ကွက်မှ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မတ် ၁၂ရက်က ရပ်ကွက်ရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်က ပေးအပ်စဉ်။ (ဝ၄၆)

နမ့်ခမ်းမြို့နယ်၌ ဘိန်းဖြူ ၁၀ ဒသမ ၅ ကီလိုဖမ်းမိ

ရန်ကုန် မတ် ၁၄

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး) တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၅ ရက်က နမ့်ခမ်းမြို့နယ် နောင်စန့်ကုန်းကျေးရွာနေ ဦးလူရန်ရှင်း၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဦးလူရန်ရှင်း၏သား ကျော်ထွန်း(ခ)လူဖုန်ချန်အား နေအိမ်ခြံဝင်းအတွင်း စိုက်ပျိုးထားသော မုံညင်းခင်း၌ သိုဝှက်သိမ်းဆည်းထားသည့် ဘိန်းဖြူ ဘလောက်တုံး ၃၀ (အလေးချိန် ၁၀ ဒသမ ၅ ကီလို)နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံနှင့် မူးယစ်ဆေးဝါးများအားသက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ ၂၅ရက်က နမ့်ခမ်းမြို့နယ်၌ ကျော်ထွန်း(ခ)လူဖုန်ချန်အား ဘိန်းဖြူ ၁၀ဒသမ၅ကီလိုနှင့် အတူဖမ်းမိစဉ်။ (သတင်းစဉ်)

OD Tour

OD Style

No.52

အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးဖေသန်း၏သား မောင်ဇော်မျိုးနောင်နိုင်ငံသားစိစစ်ရေးကတ် ၁၂/သကတ (နိုင်) ၁၅၉၇၁၄ အား မောင် ဇော်မျိုးနောင်(ခ)မောင်ဇေယျာထွန်းဟု ဖြည့်စွက်ခေါ်ပါရန်။

ကျေးဇူးဆပ်ပါမည်

ရိုက်အိမ်း(မ်)ထရေးဒင်း ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်မူရင်းများ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက ပေးပို့ပါရန်။

ဦးအေးထွန်း
အမှတ်၈၀၊မြေညီထပ်၊၂၃လမ်း၊ လသာမြို့နယ်၊ ဖုန်း-၂၄၀၆၆၃

မတ်လ မိသားစုအတွက် မွေးနေ့ဆုတောင်း

၁၅-၃-၂၀၀၂ သမီးမြေး မေသူညို
၁၆-၃-၁၉၄၉ ဒေါ်ခင်မာချို
၁၈-၃-၁၉၇၄ ကျော်သီဟ

၁၅-၃-၂၀၀၄ ရက်တွင် ကျရောက်သော သမီးမြေး မေသူညို၏ (၂)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်း (၁၅၀)တိုင်အောင် မိသားစုနှင့်အတူ လိမ္မာယဉ်ကျေးသိမ်မွေ့စွာ၊ ကျန်းမာသန်စွမ်းစွာဖြင့် ထူးချွန်ထက်မြက်သည့် ခေတ်ပညာ တတ်မြောက်သော မိန်းမကောင်း မိန်းမမြတ်ဘဝကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဦးကျော်သိန်း
ကျော်သူရသိန်း၊ ချောတင်ဇာညို
ကျော်သုတ
Pavo Trading Pte., Ltd.

PIAS

MEMBER CARD

PIAS Counter

PIAS Member Card

PIAS

Special Area

Member Card

10% Discount

10% Discount

15% Discount

12.03.04 to 14.03.04
12.03.04 to 14.03.04
16.03.04 to 19.03.04
16.03.04 to 19.03.04
19.03.04 to 21.03.04
20.03.04 to 21.03.04
20.03.04 to 21.03.04
26.03.04 to 30.03.04
26.03.04 to 30.03.04
27.03.04 to 28.03.04
15.03.04 to 10.04.04
20.03.04 to 10.04.04

MK 333
Junction 8
Tony Tan Tan
MK Square
Yuzana Plaza
Victoria Fancy Shop

ပုံနှိပ်လုပ်ငန်းရှင်များ ဝမ်းမြောက်ဖွယ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာများ တင်သွင်းရန်
ကြေညာချက် (၂/၂၀၀၄)

ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက်
(၂၀၀၄ ခုနှစ် မတ်လ ၁၂ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ခုနှစ် (ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလ)များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များ၊ လစ်လပ်ဖော်ထုတ်လုပ်ကွက်များနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အကွက်ရိုက် သတ်မှတ်ထားသော လုံးခင်း၊ဖားကန့်ဒေသ သတ်မှတ်လုပ်ကွက်(အသစ်)များနှင့် နန့်ယားဆိပ်ဒေသ သတ်မှတ်လုပ်ကွက်(အသစ်)များကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ-၁၂၊ ပုဒ်မ-၁၃၊ ပုဒ်မ-၁၅ တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း၊ ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထား စာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်း မပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ် (၁၂၃/၉၉)အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်ပါသည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များ၊တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့် ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့် ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ သုံးနှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ် ၁၀ သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့် ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျ ဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့တူးဖော်လိုသည့် သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့်ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများ တင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော် ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲ ပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံဖော်ပြခြင်းမပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် ၂၀၀၄ ခုနှစ် မတ်လ ၁၅ ရက်မှစ၍ အမှတ် (၆၆) ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ (သမ-၁)တို့ တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၀၄ ခုနှစ် မတ်လ ၁၅ရက်မှ ၂၀၀၄ ခုနှစ် ဧပြီလ ၇ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) အမှတ် (၆၆) ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ။

EXCELLENT
ELECTRICAL ENGG GROUP
YMBA

ကိုမိုနိုဟောက်(စ်)မှ
ကိုမိုနိုမျိုးစုံ၊ လီနင်မျိုးစုံ
စိန်မိုက်ကယ်မျိုးစုံ

လက်လီလက်ကား အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးနေပါသည်။ တူညီဝတ်စုံ၊ သင်္ကြန် တူညီဝတ်စုံမျိုးစုံ ရနိုင်ပါသည်။

(တရုတ်ပစ္စည်း လုံးဝမရောင်းပါ။)
A-11-b, A-22
ဒုတိယထပ်-ယုဇနပလာဇာ

အမည်ပြောင်း

ဦးစိုးအောင်၏ သမီး အလက (၅) မရမ်းကုန်း အင္ဂမတန်း (င)မှ မချယ်ရီအား မယွန်းပန်းအိဟု ပြောင်းလဲခေါ်ပါရန်။

မယွန်းပန်းအိ။

ကန့်ကွက်နိုင်ပါသည် ဆိုင်ကယ်အမှတ် ၁ယ/၅၀၇၇၇ လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ကညနရှေ့တန်းရုံး (တာချီလိတ်)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညနရှေ့တန်းရုံး(တာချီလိတ်)

ဝန်ထမ်းအလိုရှိသည်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်ညွန့်(Anna)

ကျောင်းဆရာမ အထက(၇)ကြည့်မြင်တိုင်

(ဦးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်၊ စက်မှုလယ်ယာ၊ ငြိမ်း) ၏ဇနီး ဒေါ်တင်တင်ညွန့်(Anna)သည် ၉-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲရပါကြောင်း။

စန်းစန်းနွဲ့မိသားစု
(ဦးငွေစန်း)-ဒေါ်စန်းစန်းနွဲ့
၅(က)၊ကန်ရိပ်သာလမ်း၊ကမ္ဘာအေး၊ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း

သီရိပျံချီ ဦးဇော်ဝင်း (ခ) ဦးဇော်ဝင်းဇော်

Y.M.B.A ဥက္ကဋ္ဌ
အသက် (၈၂)နှစ်

စာရေးဆရာမကြီး ဒေါ်နီနီယဉ်၏ခင်ပွန်း ဦးဇော်ဝင်းဇော်သည် ၄-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Y.M.B.A အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းအောင်(ခ) လင်ဟွာအမ်း

အသက် (၈၀)

ဦးအောင်မင်း (MD)၊ဦးစိန်မင်း (Director)First Top Co.,Ltd. ၊ ဦးဝင်းဇော် (MD- Gold Yacht Co.,Ltd.)၊ ဦးရန်မင်း (Director- First Top Co.,Ltd)တို့၏ မွေးသဖခင် ကျေးဇူးရှင် ဦးသိန်းအောင်သည် ၁၀-၃-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Top Shine Co., Ltd.
Sun Grade Co.,Ltd.

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးလှထွန်း
မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်
(ဒုတိယဥက္ကဋ္ဌဟောင်း)
(ယခင်)အဆွေတော်နာရီဆိုင်
ထူးကြီး
အသက်(၇၇)နှစ်

ထူးကြီးမြို့နေ (ဦးဘညွန့်–ဒေါ်သန်းရီ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၆၊ ရွှေတောင်ကြားရိပ်သာလမ်းနေ (ဒေါ်သန်းမေ)၏ခင်ပွန်း၊ ဦးသန်းမြင့်–ဒေါ်ဆွေဆွေထွန်း၊ ဦးမျိုးသန့်(လေယာဉ်မှူး၊ ရုံးချုပ်၊ MPPE)–ဒေါ်နီနီထွန်း၊ ဦးကျော်ထွန်း–ဒေါ်စမ်းစမ်းကြည်၊ ဦးအေးချို(မြို့နယ်စာရင်းစစ်အရာရှိ၊ မရမ်းကုန်းမြို့နယ်စာရင်းရုံး)–ဒေါ်ဖြူဖြူထွန်း၊ ဦးမျိုးထွန်း(MD Road Star Co.,Ltd.)–ဒေါ်မြတ်သိုက်မော်၊ ဒုတိယဗိုလ်မှူးကြီးကျော်စိုး–ဒေါ်ချိုချိုထွန်းတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၃–၃–၂၀၀၄ရက် (စနေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၃–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးထွန်းစိန်(ခ)အဘချေ (စစ်တွေ)
(အောင်အောင်စက်အပိုပစ္စည်းဆိုင်)
အသက်(၄၃)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရွှေသံလွင်ပန်းလှိုင်အိမ်ရာ၊ စံပယ်လမ်း I-11(B) နေ ဦးမောင်စိန်–ဒေါ်မိကင်းတို့၏သား၊ ဦးအောင်သာလှ–ဒေါ်ဟန်သာတို့၏သားသမက်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ် ၂၇၄(ခ)နေ ဒေါ်ခင်မြင့်ကြည်၏ခင်ပွန်း၊ မောင်ရဲလင်းထွန်း 3rd MB Jr (မကွေး၊ ဆေးတက္ကသိုလ်)၊ မအိရွှင်ပြုံး (အထက–၄၊ စစ်တွေ)၊ မကျော့ရည်ဟန် (အထက–၄၊ စစ်တွေ)တို့၏ဖခင်သည် ရန်ကုန်မြို့အထက်ပါနေအိမ်၌ ၁၄–၃–၂၀၀၄ရက် ညနေ ၄:၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၃–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ရဲဝင်းထွန်း(ကိုကြီး)
C.D.C-45226°(Lizstar Co., Ltd.)
အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အုန်းပင်လမ်း (အထက်)၊ အမှတ် ၇၉ နေ (ဦးမောင်ကို)–ဒေါ်မြသိန်းနှင့် (ဦးစိန်ပို–ဒေါ်စုစု)တို့၏မြေး၊ ဦးသိန်းဟန် (ဒု–ဌာနခွဲမန်နေဂျာ၊မင်္ဂလာဒုံလေယာဉ်ဆိပ်ဌာန၊ M.P.P.E°ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်)–(ဒေါ်နွဲ့နွဲ့ယဉ် ဘဏ္ဍာရေး M.P.P.E°)တို့၏သားကြီး၊ မောင်ရဲလင်းထွန်း(ကိုငယ်)၊ မကေခိုင်စု၊ မောင်ရဲသူသူတို့၏အစ်ကိုကြီးသည် ၁၄–၃–၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက်၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ရီ(ဖျာပုံ)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၁၊ သမိုင်းဘူတာရုံလမ်းနေ(ဦးရွှေအုပ်)၏ဇနီး၊ ဦးမြင့်ဆွေ–ဒေါ်စန်းမြင့်(စိန်ပဒေသာ ဖျာပုံဆန်ဆိုင်)၊ ဦးထင်အောင်ဝင်း–ဒေါ်နွဲ့နွဲ့ဝေ၊ ဒေါ်ခင်သက်မော်(ခ)မမော်(ဧရာစွယ်စုံဆန်ဆိုင်)တို့၏မိခင်၊ ကိုငြိမ်း ဦးကို–မခိုင်ဆွေမြင့်၊ ကိုမိုးကျော်မြင့်–မလှိုင်ဆွေမြင့်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၃–၃–၂၀၀၄ရက် ညနေ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၃–၂၀၀၄ ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးဝမ်စိန် (တက်သစ်)
အသက်(၈၃)နှစ်

(ဦးဟုတ်ဟန်–ဒေါ်နှင်းမေ)တို့၏သား၊ ကြည့်မြင်တိုင်၊ ဦးကြွယ်ဟိုးလမ်း၊ အိမ်အမှတ် ၂၅နေ ဒေါ်တင်ဥ၏ခင်ပွန်း၊ ဦးတင်စိန်–ဒေါ်သွင်သွင်အေးတို့၏ဖခင်၊ မအိပပ၊မောင်ဝေယံဖြိုး၊ မောင်အာကာဖြိုးတို့၏အဘိုးသည်၁၃–၃–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၃–၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် တက်သစ်ရွာ၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။(ဦးကြွယ်ဟိုးလမ်းနေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး ဒေါ်တင်ကြည်
အသက်(၇၄)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၇၄၊ မင်းရဲကျော်စွာ ၈လမ်း၊ ၇ ရပ်ကွက်နေ (ဦးမောင်စိန်–ဒေါ်စိန်ညွန့်)တို့၏သမီး၊(ဦးမောင်ခိုင်)၏ဇနီး၊ ဦးလှမြင့်–(ဒေါ်ညွန့်တင်)၊ ဦးကြီးဟန်၊(ဦးဝင်းကြည်–ဒေါ်တင်သန်း)၊ ဒေါ်စန်းရွှေတို့၏အစ်မကြီး၊ ဦးကျော်စိုး–ဒေါ်အေးမြင့်၊ ဦးဝင်းရွှေ–ဒေါ်အေးအေးလှိုင် (မပေါက်)၊ ဦးမြဟန်–ဒေါ်အေးစန်း၊ ဦးဝင်းအောင်–ဒေါ်သန်းသန်းဆွေ၊ ဦးစန္ဒာဝရ(ဦးစံဌေးအောင်)၊ ကိုမောင်မောင်စိန်–မစုစုကြည်၊ ကိုဝင်းနိုင်ဦး(ဇေယျာမင်းကားဂိတ်)–မကြည်လေး၊ ကိုလှမိုး–မမြင့်မြင့်ရီ၊ကိုသက်ခိုင်–မလှလှထွေးတို့၏မိခင်၊ မြေး ၁၇ ယောက်တို့၏အဘွားသည် ၁၄–၃–၂၀၀၄ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလီပင်ကောင်း
(သာကေတမြို့)
အသက်(၇၅)နှစ်

အမှတ်၂၉၅၊ သီဂါ၂လမ်း(တောင်)၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်နေ (လီကိန်ချို–ဒေါ်ချင်ယင်ဟောက်)တို့၏သား၊ (ဝေါင်ယုငွန်း–ဒေါ်သံခေါက်ဟံ)တို့၏သားသမက်၊ ဒေါ်ကျင်ထွေး၏ခင်ပွန်း၊ ကိုမျိုးဦး–မကျင်ရွှေ၊ (ကိုလီဖုတ်စိန်)–မဌေးဌေးဝင်း၊ ကိုငွေသိမ်းကျော်–မထွေးကျင်၊ မလီထွေးဟန်၊ မောင်ဝီကွန်း၊ကိုဝင်းမင်းထွန်း(ခ)ဝီကျုံး–မသွင်သွင်ထွေး(ဦးစီးအရာရှိ၊ကညန)၊ မောင်ဝီရိန်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၄–၃–၂၀၀၄ရက် (တနင်္ဂနွေနေ့)နံနက်၀၀:၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့)ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းတန်
(ကမာကေး၊ချောင်းဆုံမြို့နယ်၊ ဘီလူးကျွန်း)
သိန်းတန်အထည်ဆိုင်၊မင်္ဂလာဈေး
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လမ်း ၁၂၀၊ အမှတ် ၃၀ နေ (ဦးသန်းညွန့်–ဒေါ်ရီ)တို့၏ သားကြီး၊ (ဦးမောင်မောင်ကြီး)–ဒေါ်အေးသန့်တို့၏မောင်၊(ဦးမြင့်စိုး)–ဒေါ်စိန်ရီ၊ ဒေါ်ခင်လှဝေတို့၏အစ်ကိုကြီး၊မအေးအေးသက် (Winner Brothers Co., Ltd.)၊ ဦးစိန်ဝင်း–ဒေါ်ချိုနွယ်ဦး၊ မစိုးယုထက်တို့၏ဦးကြီး၊ မောင်အောင်ဖြိုးဦး၊ မအေးသီတာစိုး(Final Part I ,MB)၊ မောင်အောင်ပြည့်စိုးတို့၏ ဘကြီးသည် ၁၃–၃–၂၀၀၄ရက် (စနေနေ့) ည ၇:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၃–၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ကြည်(ကျော်ဇံ–မော်ကျွန်း)
အသက်(၇၁)နှစ်

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၇)ရပ်ကွက်၊ မင်းဘူးလမ်း၊ အမှတ် ၁၀၆၁နေ ဦးစန်းမောင်(MEPE၊ငြိမ်း)၏ဇနီး၊(ဦးမြစ်)– ဒေါ်အေးတို့၏ညီမ၊ ဦးရွှေမန်း–ဒေါ်သန်းသန်းဌေး၊ ဒေါ်ခင်ခင်ဌေး၊ဦးစိုးနိုင်(MEPE၊ရန်ကုန်တိုင်း)–ဒေါ်နှင်းနှင်းအေး၊ ဦးဝင်းနိုင်–ဒေါ်ခင်သီတာမောင်တို့၏မိခင်၊ မြေးကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၁၄–၃–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၆:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများမွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဒုတိယဗိုလ်မှူးကြီးမြသန်း (ငြိမ်း)
ဗိုလ်သင်တန်းအပတ်စဉ်(၈)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အမှတ်၅၆၊ ရွှေဘုံသာလမ်းနေ ဒေါ်ခင်မာဝင်း၏ ခင်ပွန်း၊ [illegible] ၁၅–၃–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် [illegible] ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသိန်းအောင်(ခ)ဦးအောင်စီ
CDC.11237, Echo Tsusho Co.
(အထက–၁၊ တာမွေကျောင်းသားဟောင်း)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၄၊ ၁၅၃လမ်း၊ ဖျိုင်းရေအိုးစင်ရပ်ကွက်နေ(ဦးစီ)–ဒေါ်အုန်းရင် တို့၏သား၊ (ဒေါ်ဝါးဝါးထူး)၏ခင်ပွန်း၊ မယဉ်သူသူသွင်အောင်၏ဖခင်သည် ၁၄–၃–၂၀၀၄ ရက်(တနင်္ဂနွေနေ့) နံနက် ၉:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆–၃–၂၀၀၄ရက် (အင်္ဂါ နေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမဒေါ်အမာဘီ(ခ) ဒေါ်ခင်သန်း
ဗဟိုရုံ(၂၅)၊ဗိုလ်ချုပ်အောင်ဆန်းဈေး
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၆၂၊ ဗိုလ်ဆွန်ပက်လမ်း၊ပန်းဘဲတန်းမြို့နယ်နေ [ဟာဂျီဆွာလေ(ခ)ဦးအောင်မြင့်]၏ဇနီး၊ဒေါ်လှလှဝေ(လ/ထ ကထိက၊သတ္တဗေဒဌာန၊ငြိမ်း)–(ဦးချစ်ဆွေ)ဂရိတ်လျှပ်စစ်၊ ဟာဂျီဦးထွန်းမြင့်(ဒု–မန်နေဂျာ ရှိုင်းဟုတ်ကုမ္ပဏီ)၊ ဒေါ်ခင်ကြည်၊ ဦးကျော်မြင့်–ဒေါ်တင်တင်ဆင့်၊ ဒေါ်စန်းစန်းဝေ–ဦးထင်လင်း၊ ဟာဂျီမ ဒေါ်သင်းသင်းဝေ(အမက–၂၊ပန်းဘဲတန်း၊ငြိမ်း)၊ ဒေါ်တင်တင်ဝေ(အမက–၃၊ပန်းဘဲတန်း)၊ ဒေါ်ကြည်ကြည်ဝေ– ဦးမြင့်အောင်၊ဦးမျိုးမြင့်(ဒု–မန်နေဂျာ၊ ရှိုင်းဟုတ်ကုမ္ပဏီ)–ဒေါ်နီနီ၊ ဒေါ်ရင်ရင်ဝေ–ဦးထွန်းထွန်းတို့၏ မိခင်၊ မြေး ၁၈ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၄–၃–၂၀၀၄ ရက်တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၅–၃–၂၀၀၄ရက်(တနင်္လာနေ့)တွင် ဇဟိုနမာဇ်အပြီး ကျိုက္ကလီယာဂျာမေဗလီမှ ရေဝေးကာရ်စတန်သို့ ပို့ဆောင်ဒဖနာမည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးထွန်းတင် (ကျိုက်လတ်မြို့)
အကောက်ခွန်(ငြိမ်း)
အကောက်ခွန်ဝန်ထမ်းဟောင်းအသင်း
အသက်(၈၀)

ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ ပဲခိုးစုကျေးရွာနေ(ဦးသာခင်–ဒေါ်စောရင်)တို့၏ သား၊ (ဦးတုတ်)၊ (ဒေါ်သိန်းကျင်)တို့၏ညီ/မောင်၊ (ဦးထွန်းခင်)၊ ဦးထွန်းကြည်၊ ဒေါ်အေးမိ၊ (ဦးလှမြင့်)၊ ဒေါ်ကြည်၊ (ဦးအုန်းလှိုင်)၊ (ဦးအောင်ငြိမ်း)တို့၏အစ်ကို၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန ၂လမ်း၊ အမှတ် ၃၅၄နေ ဒေါ်အုံးကြည်၏ ခင်ပွန်းသည် ၁၄–၃–၂၀၀၄ ရက် (တနင်္ဂနွေ နေ့) နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ပို
အသက်(၆၃)နှစ်

ဧရာဝတီတိုင်း၊ဇလွန်မြို့နယ်၊ဂမုန်းစုကျေးရွာနေ (ဦးဖြိုး–ဒေါ်မလေး)တို့၏သမီး၊ ပဲခူးတိုင်း၊အုတ်ဖိုမြို့နယ်၊သပြေကုန်းကျေးရွာနေ (ဦးမောင်တင့်–ဒေါ်စော)တို့၏သမီးချွေးမ၊ ဦးမောင်ဝင်း(နိုင်ငံခြားရေးဝန်ကြီးဌာန၊ငြိမ်း)၏ဇနီး၊ ဦးကျော်ဝင်းဟန်(နိုင်ငံခြားရေးဝန်ကြီးဌာန)–ဒေါ်ဇာလီ၊ (မောင်နေဝင်းအောင်)တို့၏မိခင်၊ မမေသူကျော်၏အဘွားသည် ၁၄–၃–၂၀၀၄ရက် နံနက်၆:၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့)နံနက်၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉:၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ရှိန်(ခ)ကပ္ပလီ
(ရုပ်ရှင်သရုပ်ဆောင်)
အသက်(၄၈)နှစ်

ရန်ကုန်တိုင်း၊ ဒလမြို့နယ်၊ ရာဇသင်္ကြန်ရပ်ကွက်၊ အုတ်လှုင်ယံ ၁လမ်းနေ (ဦးကံအေး–ဒေါ်ခင်လေး)တို့၏ သား၊ဦးအောင်ညွန့်–ဒေါ်တင်တို့၏သားသမက်၊ ဦးလှရွှေ–ဒေါ်ပြုံး၊ ဦးလှမြင့်–ဒေါ်ဝင်းရီတို့၏မောင်၊ မစန်းစန်းဝင်း၏ခင်ပွန်း၊ကိုဝင်းထွန်း–မသီတာအောင်၊ ကိုရဲအောင်–မတင်တင်မော်တို့၏အစ်ကို၊ မောင်သန်းထွဋ်၊ (မောင်နန်းထွဋ်)၊ မောင်ငြိမ်းချမ်းထွဋ်တို့၏ဖခင်သည် ၁၃–၃–၂၀၀၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍၁၅–၃–၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ၂နာရီတွင် ဓနိတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးသန်းလှိုင်
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ တိုက်၄၊ အခန်း၁၇၊ စံပြ ဖဆပလနေ (ဦးချစ်စိန်)(ဒေါ်အုန်းကြည်)ဒေါ်ရွှေခင်၏သား ဒေါ်ခင်မြင့်ဝေ၊ ဒေါ်လှမြင့်၊ ဦးမြင့်အောင်၊ ဦးခင်မောင်ဝင်း၊ (ဒေါ်ဝေဝေလွင်)၊ (ဦးမြင့်သိန်း) ဒေါ်အေးအေးလွင်၊ ဦးဇော်သိန်း–ဒေါ်မြင့်ကြည်၊ ဦးသန့်ဇင်–ဒေါ်ခင်အေးလွင်တို့၏ညီမောင်၊ဒေါ်ကြူကြူဝင်း၊ ဦးမြတ်ကျော်–ဒေါ်က်တာဖြူဖြူခိုင် တို့၏ အစ်ကို၊ တူတူမ ကိုးယောက်တို့၏ ဦးလေးသည် ၁၃–၃–၂၀၀၄ ရက် (စနေနေ့)တွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅–၃–၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရားအမ၊ရဟန်းအမ၊ ရဟန်းမယ်တော်ကြီး
ဒေါ်မြင့်မြင့်သွယ်
(ဘုန်းကြီးလမ်း)
ကျောင်းဆရာမ(ငြိမ်း)
အထက(၂)လသာ
အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေဥမင်ဓမ္မ သုခတောရရိပ်သာ နာယကဆရာတော်အရှင်တေဇိန္ဒ(နေညို ရန်ကုန်စက်မှုတက္ကသိုလ်)၏ မွေးသမိခင်ရဟန်းမယ်တော်ကြီး၊အရှင်ဉာဏဝံသ(မန္တလေး)၊ အရှင်ပညာဇောတ(မော်လမြိုင်)တို့၏ ရဟန်းအမ၊ (ဦးဘသွယ်– ဒေါ်စိန်းညို)တို့၏သမီးထွေး၊ (ဦးဘတင်အောင်–ဒေါ်ညွန့်ညွန့်)တို့၏ သမီးချွေးမ၊ (ဦးထွန်းလှိုင်)–ဒေါ်ခင်လှလှ၊ ဦးချစ်ဆိုင်–ဒေါ်ခင်မြမြ၊ ဦးကြူး–ဒေါ်ရင်ရင်တို့၏ညီမထွေး၊ ဦးမောင်စိုး–ဒေါ်တင်တင်နွဲ့၊ ဦးသက်နောင်–ဒေါ်ချိုမာ၊ ဒေါ်ခင်သန်းဝင်း၊ ဒေါ်ယဉ်ယဉ်လှ၊ ဦးဝင်းညွန့်–ဒေါ်အေးအေးနွယ် တို့၏အစ်မ/ ညီမ၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်၂၅၊ ဘုန်းကြီးလမ်း၊ ဒုတိယထပ်နေ ဦးသက်ညို(လယ်သမားများသ/မဘဏ်)၏ဇနီး၊မသဉ္ဇာသက်ညို(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၏မိခင်၊ တူ တူမ၁၃ယောက်တို့၏အဒေါ်သည် ၁၂–၃–၂၀၀၄ရက် (သောကြာနေ့) ည ၁၂:၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၃–၂၀၀၄ရက်(တနင်္လာနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထွန်းစိန်(ခ)အဘချေ
(စစ်တွေ)
အသက်(၄၃)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ရွှေသံလွင် ပန်းလှိုင်အိမ်ရာ၊ စံပယ်လမ်း၊ အမှတ် I-11(B)နေ ဦးမောင်စိန်–ဒေါ်မိကင်းတို့၏သား၊ ဒေါ်ခင်မြင့်ကြည်၏ခင်ပွန်း၊ ဦးဝင်းမြင့်–ဒေါ်မနွဲ့၊ (ဒေါ်တင်စိန်)–ဦးအောင်ကျော်(ငြိမ်း)၊ ဦးဝင်းစိန်–ဒေါ်လှလှ၊ ဒေါ်ခင်စိန် – ဦးတင်ထွန်းလတ်၊ ဒေါ်မြစိန်–ဦးအောင်မြတို့၏ညီ/မောင်၊ ဒေါ်ရီရီစိန်–ဦးတင်ထွဋ် (U.S.A)၊ကိုသန်းစိန်–မမြင့်မြင့်သူ တို့၏အစ်ကိုသည် ၁၄–၃–၂၀၀၄ ရက် ညနေ ၄:၅၀နာရီတွင်ကွယ်လွန်သွားပါ၍ ၁၆–၃–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး
ဦးဝမ်စိန် (တက်သစ်)
အသက်(၈၃)နှစ်

တက်သစ်သံဖြူစု ဆရာတော် ဦးသောဘဏ၊ ဒလတက်သစ်ဆရာတော် ဦးရေဝတတို့၏ ရဟန်းဒါယကာကြီး၊ (ဦးဟုတ်ဟန်– ဒေါ်နှင်းမေ)တို့၏သား၊ (ဦးသန်း)–ဒေါ်အုန်းသင်၊ (ဦးစိုးညွန့်–ဒေါ်ကျင်အေး)၊(ဦးညွန့်)–ဒေါ်ကျင်တို့၏ ညီမောင်၊ (ဦးကျော်ညွန့်–ဒေါ်ကျင်ယုံ)၊ (ဦးဝမ်ခင်)–ဒေါ်တင်မြ၊ (ဦးကြင်ကန်)–ဒေါ်ကျင်စိန်၊(ဦးတင်မြင့်–ဒေါ်ကျင်မြိုင်)၊ ဦးဝင်း–ဒေါ်တင်တင်၊ (ဦးရင်ပို့)–ဒေါ်လှလှ၊ဒေါ်သိန်းသိန်းတို့၏အစ်ကို၊(ဒေါ်မြရွှေ)၏ခင်ပွန်း၊ ဦးမြင့်ဦး၊ ဒေါ်ချိုချိုမြင့်တို့၏ဖခင်၊ရဲလင်းမြင့်၊မသီတာစိုးတို့၏ အဘိုး၊ မြစ်နှစ်ယောက်တို့၏အဘေး၊ တူ တူမ ၃၄ ယောက်တို့၏ပါးပါးကြီးသည် ၁၃–၃–၂၀၀၄ရက်တွင် တက်သစ် သံဖြူစုကျောင်းတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၃–၂၀၀၄ရက်မွန်းလွဲ ၁နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

၁၉–၃–၂၀၀၄ရက်တွင် တက်သစ်သံဖြူစုကျောင်းသို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်အေး
ရေယာဉ်အုပ်(ပ)၊အငြိမ်းစား
ရေကြောင်းဌာန
အသက်(၈၁)နှစ်

မော်ကျွန်းမြို့နေ(ဦးမောင်ခင်–ဒေါ်သိန်းတင်)တို့၏သားကြီး၊ (ဦးတင်ရွှေ)၏အစ်ကိုကြီး၊ ပုသိမ်မြို့နေ ဦးတင်အောင်–ဒေါ်အေးတင့်တို့ ၏အစ်ကိုကြီး၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အမှတ် ၄၇၃၊ ထူးပါရုံ ၂၃လမ်းအရှေ့နေ (ဒေါ်မြဝင်း)၏ခင်ပွန်း၊ ဒေးဗစ်ကျော်အေး(စောနန္ဒာ၊မိုးကြိုးငှက်ငယ်)၊လူစီအေး၊ဘောဘီအေး(အထက–၂၊ဗိုလ်တထောင်)၊ဂျော်နီအေး(ထောင်မှူး၊ မရွှေဥ၊သောင်တုန်း)–မစိန်အေးတို့၏ ဖခင်၊ ကြည်နူးအေး၊ အောင်မြတ်အေး၊ ဖွန်ပန်းအေးတို့၏ ဘိုးဘိုးကြီးသည် ၁၃–၃–၂၀၀၄ရက် (စနေနေ့) ညနေ ၆:၃၀ နာရီတွင် ရန်ကုန် အရှေ့ပိုင်းဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၃–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ် ၂၈ ဘီ၊၄၄လမ်း နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ဇရပ် ရဟန်းဒါယကာကြီး
ဦးညိုအေး(ခ)ကိုမြမင်း
(ရေဦး)
အထက(၅)အလုံ
အသက်(၅၆)နှစ်

စစ်ကိုင်းတိုင်း၊ ရေဦးမြို့နယ်၊ တောင်ခွင်ကျေးရွာနေ (ဦးကျော်သိန်း)–ဒေါ်စိန်လုံတို့၏သားကြီး၊ဆီဆုံကျေးရွာနေ (ဦးစံထွေး)–ဒေါ်ကြီးစိန်တို့၏သားသမက်၊ အထက(၅)အလုံကျောင်းဝင်းနေ ဒေါ်မြသန်း(ရွှေရင်အေး)၏ ခင်ပွန်း၊ ဦးမြဝင်း–ဒေါ်ခင်လေး (မော်နီစတားဖိနပ်)၊ ဦးမြရွှန်း(အိုင်ပင်ဟိုးကြေးနီစီမံကိန်း၊မိုင်းမြို့နယ်)–ဒေါ်နီနီ၊ ဒေါ်ကြည်အေး–ဦးထွန်းမောင်(အိုင်ပင်ဟိုးကြေးနီစီမံကိန်း၊မိုင်းမြို့နယ်)၊ ဦးမြင့်အောင်–ဒေါ်မာလာတို့၏ အစ်ကိုကြီး၊ မောင်ဝင်းလှိုင်ဦး(ခ)သန့်ဇင်(JSM Internation Co.,Ltd.)၊မသင်း သင်းဌေး(စီးပွားရေး ဦးပိုင်အစုရှယ်ယာ ဌာန)၊ မောင်ကျော်ဆန်းလင်း(K&P Interprice Co., Ltd)၊ မောင်ကျော်စိုးထွန်း(Mali Shipping Co.,Ltd.) တို့၏ ဖခင်သည်၁၂–၃–၂၀၀၄ (သောကြာနေ့) ည ၇:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈–၃–၂၀၀၄ရက်နေ့ ညနေ ၃နာရီတွင် ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
မအေးအေးမင်း(ပုဂံ–ညောင်ဦး)
အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၈၄၊ ပတ္တမြားလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်နေ ဦးစောနောင်(စက္ကူ/ဓာတ်ပုံ၊ ငြိမ်း)–(ဒေါ်ဖွားရှင်)တို့၏သမီး၊ ဦးကျော်အောင်ထွန်း(သတင်းတပ်ဖွဲ့)–မခင်မျိုးဝင်း၊ ဦးမောင်မောင်လေး–မအေးအေးသင်း(စက္ကူ/ဓာတ်ပုံ)၊ ဦးထွန်းနောင်(M.E.P.E)–မခင်ခင်စိန်တို့၏ညီမ၊ ဦးကြိုင်သင်းနောင် – မစန်းစန်းအေး၊ မောင်စောထွေးတို့၏အစ်မ၊ တူ တူမ ငါးယောက်တို့၏အဒေါ်သည် ၁၂–၃–၂၀၀၄ရက် ည ၉:၅၅ နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရားပွဲတော်ထံပါးလွန်တော်မူခြင်း
ဘဒ္ဒန္တ အာသဘ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)
သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၇၃)ဝါ

တနင်္သာရီတိုင်း၊ မြိတ်မြို့ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၏ ပဓာနနာယကဖြစ်တော်မူသော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တအာသဘသည် မိမိ၏သီတင်းသုံးတော်မူရာ ကျောင်းတိုက်၌ ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် (၁၁–၃–၂၀၀၄ရက်) ကြာသပတေးနေ့ ညနေ ၅:၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သိစေအပ်ပါသည်။ အန္တိမအဂ္ဂိစျာပနကို၁၃၆၅ခုနှစ်တပေါင်းလပြည့်ကျော် ၁၀ ရက်(၁၅–၃–၂၀၀၄ရက်)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း။ ဈာပနကျင်းပရေးကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တ သုန္ဒရမာလာ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်
သက်တော်(၆၉)နှစ်၊သိက္ခာတော်(၄၉)ဝါ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၊ မဟာမြတ်မုနိတောင်တန်းသာသနာ့ပြု ပရဟိတကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သုန္ဒရမာလာသည် (၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ရက်) ၁၂–၃–၂၀၀၄ ရက် (သောကြာနေ့) ည ၁၀:၁၄ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်) ၁၆–၃–၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ အန္တိမစျာပန သာဓုကီဠနသဘင် ကျင်းပပူဇော်မည်ဖြစ်ကြောင်း တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ။

ဦးသန်း (အင်းစိန်)
သစ်တောဦးစီးဌာန(ငြိမ်း)
အသက်(၈၆)နှစ်

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ရှမ်းကုန်းလမ်း၊အမှတ်၂၉/ခ နေ ဦးထွန်းအောင်–ဒေါ်စောခင်တို့၏သား၊ (ဒေါ်ခင်စိန်)၏ခင်ပွန်း၊ ဦးမြင့်သိန်း(လ/ထညွှန်မှူး၊ငြိမ်း)–ဒေါ်စောမြင့်(သရုပ်ပြဆရာမ၊ငြိမ်း)၊ (ဦးချစ်လွင်)–ဒေါ်စောတင့်၊ ဦးလှမြင့်–ဒေါ်စောနု(အနုပညာဦးစီးဌာန)၊ဦးကျော်စိုး–ဒေါ်အုန်းကြည်၊ဦးဝင်းလှ(AEမြန်မာ့ရေနံ၊ချောက်)–ဒေါ်မြင့်မြင့်သန်း(မူပြ၊ချောက်)၊ (ဦးမြတ်စော)– ဒေါ်နုနုကြည်(မြန်မာ့မီးရထား)၊ ဦးဇော်ဝင်း– ဒေါ်အုန်းအုန်းစော(လယ်ပြ အလက–၁၂)တို့၏ ဖခင်၊ မြေး ၂၂ ယောက်၊ မြစ်ကိုးယောက်တို့၏ အဘိုးသည်၁၃–၃–၂၀၀၄ရက်(စနေနေ့)နံနက် ၁၁:၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၇–၃–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးလှထွန်း
မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်
(ဒုတိယဥက္ကဋ္ဌဟောင်း)
(ယခင်)အဆွေတော်နာရီဆိုင်
(ထူးကြီး)
အသက်(၇၇)နှစ်

ထူးကြီးမြို့နေ (ဦးဘညွန့်–ဒေါ်သန်းရီ)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ် ၆၊ ရွှေတောင်ကြားရိပ်သာလမ်းနေ(ဒေါ်သန်းမေ)၏ခင်ပွန်း၊မောင်အာကာကျော်ထွန်း(AGTI. Mechatronic)၊ မောင်ဝေယံကျော်ထွန်း(2nd Year, Eco)၊ မောင်သန့်ဇင်ထွန်း(IX-A၊ အထက–၅၊ ဗိုလ်တထောင်၊ မောင်ပြည့်စုံကျော်ထွန်း(IX၊အထက–၂၊ဗဟန်း)၊ မောင်ကျော်ဘိုဘိုထွန်း(VIII၊အထက၊ ကလော)၊ မသန့်ချောချောထွန်း(VI-C၊ အထက–၅၊ ဗိုလ်တထောင်)၊ မောင်မင်းဆက်ထွန်း(VI၊အထက–၂၊ဗဟန်း)၊ မစိုးမြတ်နိုးထွန်း(IV၊အထက၊ကလော)၊ မောင်စိုးလွင်နောင်ထွန်း(IV၊အမလက–၃၊ ဗဟန်း)၊ မောင်စိုးဝေမင်းထွန်း(III၊ အမလက–၃၊ဗဟန်း)တို့၏အဘိုးသည် ၁၃–၃–၂၀၀၄ရက်(စနေနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၃–၂၀၀၄ရက်(တနင်္လာနေ့)နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးစိုးဟန် B.Econ(Stat)
အသက်(၃၄)နှစ်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁၄/၁)ရပ်ကွက်၊ ၇ လမ်း၊ အမှတ်(၁၄၄/၂)နေ ဦးတင်လေး–ဒေါ်အေးကြည်တို့၏သား၊ ဦးတင်ဦး–ဒေါ်အေးအေး၊ ဦးသိန်းတန်–ဒေါ်စန်းစန်းဝင်း၊ ဦးလှဝင်း–ဒေါ်ဌေးဌေး တို့၏ညီ/မောင်၊ ကိုစိုးထွန်း–မတင်တင်ဌေး၊ ကိုသိန်းဇော်–မဖြူဖြူထွေးတို့၏အစ်ကို၊ မသင်းသင်းခိုင်၏ခင်ပွန်း၊ မစုရည်နန္ဒာ၊ မချစ်စု တို့၏ဖခင်သည် ၁၄–၃–၂၀၀၄ ရက်(တနင်္ဂနွေနေ့)နံနက် ၉:၄၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၆–၃–၂၀၀၄ (အင်္ဂါနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်မြင့်မြင့်သိန်း(ခ)ဒေါ်ရီရီ
ဗဟိုတရားရုံး၊ ရုံးအုပ်
(အငြိမ်းစား)
အသက်(၈၆)နှစ်

စမ်းချောင်းမြို့နယ်၊ သီရိဂေဟာရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ် ၂၂ နေ (ဦးရွှေရေး–ဒေါ်ရှင်)တို့၏သမီး၊(ဦးဘပု)၊ (ဒေါ်လှမေ)၊(ဦးဘသိန်း)၊(ဦးမောင်မောင်)၊ (ဒေါ်ခင်သန်းတင်)တို့၏ညီမ၊(ဦးပီတာ)၏အစ်မ၊ ဒလမြို့နေ ဦးခင်ထွန်း(ခ)ဆရာဦးဘားလေး–(ဒေါ် ခင်စိန်)တို့၏အဒေါ်၊ ဦးကျော်ဝင်း(ရေယာဉ်လုပ်ငန်း)–ဒေါ်ခင်လှရီ(မြန်မာ့မီးရထား)တို့၏ မွေးစားမိခင်ကြီး၊ မောင်ဇာနည်ထက်၏အဘွားသည် ၁၄–၃–၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ၄:၂၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၁၆–၃–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်အေး
ရေယာဉ်အုပ်(ပ)၊အငြိမ်းစား
ရေကြောင်းဌာန
အသက်(၈၁)နှစ်

မော်ကျွန်းမြို့နေ (ဦးမောင်ခင်–ဒေါ်သိန်းတင်)တို့၏သားကြီး၊ (ဒေါ်မြဝင်း)၏ခင်ပွန်း၊ ဒေးဗစ်ကျော်အေး (စောနန္ဒာ၊ မိုးကြိုးငှက်ငယ်)၊ လူစီအေး၊ ဘောဘီအေး(အထက–၂၊ဗိုလ်တထောင်)၊ ဂျော်နီအေး(ထောင်မှူး)–မရွှေဥ(သောင်တုန်း)တို့၏ဖခင်၊ တပ်ကြပ်ကြီးတင်မောင်ဦး–ခိုင်ခိုင်လှ၊ စိုးစိုးမော်(တိုင်းကုန်သွယ်/လယ်ယာ၊ ပုသိမ်မြို့)၊ ဒုဗိုလ်မှူးကြီးတင်ဝင်း–သန်းသန်းမော်၊ အရာခံဗိုလ်သန့်ဇင်–မြင့်မြင့်မူ တို့၏ ဘကြီး၊ဗိုလ်ကြီးမင်းလွင်ဦး၏အဘိုးလေး၊ ဒေါ်ခင်မာထွေး(အထက–၁၊ မြောက်ဥက္ကလာ၊ အငြိမ်းစား)၊ ဒေါ်သိန်းရွှေ၊ ဒေါ်အေးအေးချို၊ မောင်မျိုးမြင့်၊ ဒေါ်အေးမြိုင်တို့၏ ဦးလေးသည် ၁၃–၃–၂၀၀၄ရက် (စနေနေ့) ညနေ ၆:၃၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅–၃–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးထွန်းတင်(ကျိုက်လတ်မြို့)
အကောက်ခွန်(ငြိမ်း)
အကောက်ခွန်ဝန်ထမ်းဟောင်းအသင်း
အသက်(၈၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊သုမန၂လမ်း၊အမှတ် ၃၅၄ နေ ဒေါ်အုံးကြည်၏ခင်ပွန်း၊ ဦးသန်းဦး (အကောက်ခွန်၊နစရ) – ဒေါ်နုနုရီ၊ ဒေါ်မြမြ(အကောက်ခွန်)၊ ဦးဝင်းဗိုလ် (အကောက်ခွန်၊ကျိုင်းတုံ)–နော်တင်မာအေး၊ ဦးဝင်းအောင်(အကောက်ခွန်၊နစက)–ဒေါ်ဝင်းဝင်းမာ၊ ဦးတင်အောင် (အကောက်ခွန်)တို့၏ဖခင်၊ မောင်သန်းဇော်ဦး(အကောက်ခွန်)၊ မဝတ်ရည်ဖြိုး၊ မဇွန်ပွင့်ဖြူ၊ မနှင်းမြတ်နိုးဦး၊ မဇာဇာငြိမ်း၊ မောင်မင်းမျိုးထက်တို့၏ အဘိုးသည် ၁၄–၃–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆–၃–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

မတ်လ နွေပန်းချီ

☆ ရွက်ရော်သွေ့ခြောက်၊ နွေပေါက်ပြီဆိုလျှင်
ကံ့ကော် သရက်၊ ပင်ထက်ရွက်နုဆင်
မြူနိုးမင်းလွင်၊ ရှစ်ခွင်ဝေ့ဝဲ
လက်ပံပွင့်ပြီ၊ ပေါက်ပွင့်ပြီ
အနီ ထိန်ထိန်ရဲသည်နှင့်လေး။

☆ အနီရဲရဲ၊ ရင်ထဲစွဲလေလျှင်
အတိတ်ဟိုရှေး၊ ပြန်တွေးတမြင်မြင်
မြန်မာ့မြေတွင်၊ နိုဝင်ကပ်စွဲ
ဖက်ဆစ်တော်လှန်၊ ပြည်လုံးညံ
အောင်သံခြိမ့်ခြိမ့် သဲသည်တည့်လေး။

☆ အောင်သံခြိမ့်သဲ၊ အောင်ပွဲဆင်ရာတွင်
မြန်မာပြည်လုံး၊ စုရုံးအတူပါဝင်
ကယား ကချင်၊ ကရင်နှင့်ရှမ်း
ချင်း ရခိုင်ပါ၊ မွန် ဗမာ
ညီညာတစ်စိတ်ဝမ်းငယ်တည့်လေး။

☆ ညီညာစိတ်ဝမ်း၊ အောင်ပန်းအလီလီ
လက်တွဲချီတက်၊ အသက်ကိုစွန့်မည်
လွတ်လပ်ရေးဆီ၊ ဦးတည်မျှော်တွေး
ပြည်သူ့တပ်မတော်၊ ဦးဆောင်ခေါ်
တောင်ပေါ်မြေပြန့် မခြားသည်တည့်လေး။

☆ ငါးဆယ့်ကိုးနှစ်၊ ပြည်ချစ် တပ်မတော်သည်
ပြည်သူ့ဝန်ထမ်း၊ လျှောက်လှမ်းခဲ့ ညီညီ
ဖွဲ့နှင့် မာန်ချီ၊ ခိုင်ကျည် မြင့်မြတ်
ထက်မိုးယံဆီ၊ အောင်လံနီ
လွင့်သည်တဖျပ်ဖျပ် ကယ်နှင့်လေး။

☆ အနာဂတ်ကိုမှန်း၊ လျှောက်လှမ်းဖို့မျှော်ရည်
အေးချမ်းဖွံ့ဖြိုး၊ တိုးတက်သော မြန်မာပြည်
တည်ဆောက်ကြမည်၊ ခေတ်မီအလှ
ပြည်တွင်းအားသာ၊ ကိုးစားရာ
ညီညာ စည်းလုံးကြပါစို့လေး။
အတူ ထာဝရ မှန်းမြင် မွန်မြတ် နောင်ညီ ပျော်ကြသည်။
မူဝါဒ လမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်ကြမည်။ ။

မြင်းမူမောင်နိုင်မိုး

ခေတ်အဆက်ဆက်ပြည်သူ့အတွက်တပ်မတော်

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အထူးဆောင်းပါးကဏ္ဍများ ရည်ညွှန်းချက်

နိုင်ငံအတွက်အရေးကြီးသော် တပ်မတော်သားများသည် ရှေ့တန်းမှ ရပ်တည်ခဲ့ကြသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ကိုပင် ပဓာနမထား စွန့်စွန့်စားစား ပေးဆပ်ခဲ့ကြသည်။ ၎င်းတို့သည် အန္တရာယ်ရန်စွယ် ကြီးမားမှန်း သိပါလျက်၊ ငွေကြေးနှင့် အကျိုးအမြတ် ခံစားခွင့်များမရမှန်း သိပါလျက်၊ နောက်ဆုံးအသက်ကိုပင် ပေးဆပ်ရမည်ကို သိပါလျက် ရဲဝံ့စွန့်စားကာ နိုင်ငံ့ဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည်။ အကြောင်းမှာ ၎င်းတို့သည် မျိုးချစ်စိတ်ကြီးမားမှု၊ ကိုယ်ကျိုးစွန့်မှု၊ အပင်ပန်းအဆင်းရဲခံနိုင်မှု၊ ဇွဲ လုံ့လ ဝီရိယရှိမှု စသော စိတ်ဓာတ်များကို ပိုင်ဆိုင်ထားကြသည့် မြင့်မြတ်သော နှလုံးသားပိုင်ရှင်များ ဖြစ်သောကြောင့်ပင်ဖြစ်ပါသည်။

☆ ကေတုနီလာ၏ **"မြင့်မြတ်သောနှလုံးသားပိုင်ရှင်များ"** ဆောင်းပါး စာမျက်နှာ (၈-၉)
☆ **"တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ"** ဓာတ်ပုံမှတ်တမ်း စာမျက်နှာ (၇)
☆ မြင်းမူမောင်နိုင်မိုး၏ **"မတ်လနွေပန်းချီ"** ကဗျာ စာမျက်နှာ (၂၀)
☆ တိမ်ပျံ၏ **"ဖျက်လိုဖျက်ဆီးဝင်နှောင့်နေတဲ့ ပြည်တွင်းပြည်ပအဖျက်ကတော့ ရှိသေးတယ်အဘရေ"** ကာတွန်း စာမျက်နှာ (၂၀)

တစ်မူထူးခြားသည့်
(၄၁)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ

သတင်းဆောင်းပါး-စိန်ရွှေလှိုင်၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၄

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို သတင်းမီဒီယာသမားအနေဖြင့် တက်ရောက်ခွင့်ရခဲ့သည်။ ရန်ကုန်မြို့ ကမ္ဘာအေး စေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ပြသရောင်းချသွားမည်ဖြစ်သည်။ မြေညီထပ်တွင် ကျောက်မျက် ကျောက်စိမ်း အချောထည်များ၊ လက်ဝတ်ရတနာများ၊ ကျောက်စိမ်းရုပ်တု ရုပ်ထွင်းများ၊ ကျောက်ကပ်ပန်းချီများ။ တတိယထပ်တွင် ဈေးပြိုင်ပွဲစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများ ပြသထားပြီး ခန်းမအဆောက်အအုံပတ်ဝန်းကျင်တွင် ကျောက်စိမ်းအရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက် အရိုင်းတုံးများ၊ ထည်လုံးစိမ်း အရိုင်းတုံးများ မျက်စိတစ်ဆုံး ပြသထားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ✡



စိတ်ဝင်စားစရာကောင်းပြီး တန်ဖိုးအမြင့်ဆုံးဖြစ်သည့် မိုးကုတ် အာဘီဂျီ ကျောက်မျက်ကုမ္ပဏီက တင်ပြရောင်းချမည့် စကျင်ကျောက်တွင် စွဲဝင်နေသည့် ပတ္တမြားရိုင်းကြီး။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



အလုံးဝိုင်းဝန်းညီညာပြီး ငွေရောင်လွှလွှဖြစ်သည့် ၃၇ လုံးပါ ၃၃ ဒသမ ၂၅ မိုမီလေးသည့် ငွေရောင်ပုလဲအတွဲ။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ယနေ့ထုတ်စောင်ရေ
၂၀၀၉၉၀